# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# သတ္တမပုံမှန်အစည်းအဝေး
# စတုတ္ထနေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၅ | ပြင်ဦးလွင်မြို့တွင် လူမှုဝန်ထမ်းဦးစီးဌာန၏ နေ့ကလေးထိန်းကျောင်းနှင့် မူကြိုဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၄ |
| ၆ | ပေါက်တောမြို့နယ် တောင်ပိုင်းပင်လယ်ကမ်းစပ် မြေနိမ့်ပိုင်းဒေသတွင် နေထိုင်လျက်ရှိကြသော ပြည်သူများ၏အသက်အန္တရာယ်ကို လတ်တလောကာကွယ်ပေးနိုင်ရန်အလို့ငှာ လေဘေးဒဏ်ခံ အဆောက်အဦ (Cyclone Shelter) (၃)လုံး ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၇ |
| ၇ | အမှိုက်စွန့်ပစ်ခြင်းနှင့် အမှိုက်သိမ်းဆည်းခြင်းနည်းစနစ်ကောင်းများကို နိုင်ငံသား များအားလုံး တစ်ပြေးညီလိုက်နာကျင့်သုံး ဆောင်ရွက်သွားနိုင်မည့်စီမံချက်များရေးဆွဲချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၁ |
| ၈ | တောင်ညိုချောင်း၊ နတ်တောင်ချောင်းနှင့် တခွန်တိုင်ချောင်းများ တိမ်ကောမှုကြောင့် ကျေးရွာများနှင့် လယ်ယာမြေများအတွင်း ရေတိုက်စားကမ်းပြိုမှုများနှင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ပြီး ပျက်စီးဆုံးရှုံးမှုများကို ကာကွယ်ပေးရန် စီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၅ |
| ၉ | မြို့ဝင်ကြေးကောက်ယူနေမှုများအား ပိုမိုသင့်လျော်ကောင်းမွန်သော နည်းလမ်းများဖြင့် စီမံဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၈ |

| | | |
|---|---|---|
| ၁၀ | မကွေးတိုင်းဒေသကြီး မြန်မာ့စီးပွားရေးဘဏ်၊ သရက်ခရိုင်ဘဏ်ခွဲအဆောက်အဦသည် နှစ်ကာလကြာမြင့်ပြီး ဟောင်းနွမ်းဆွေးမြည့်ခြင်း၊ အန္တရာယ်ရှိခြင်း၊ လုပ်ငန်းပမာဏနှင့် အဆောက်အဦအရွယ်အစား မျှတမှုမရှိသည့်အတွက် အဆောက်အဦအသစ် တည်ဆောက်ခွင့်ပြုပါရန်နှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၃ |
| ၁၁ | ဝန်ထမ်းများ ဌာနတွင်းသင်တန်းများနှင့် အခြားသင်တန်းများကို ညအိပ်ညနေသင်တန်း တက်ရောက် ရာတွင် ခရီးစရိတ်ဥပဒေပါ နေ့တွက်စရိတ်ကို ခံစားခွင့်မရှိဘဲ တည်ဆဲသင်တန်းစားစရိတ်နှုန်းထားအရ တစ်ရက် ကျပ်(၅၀၀)နှုန်းသာ ခံစားခွင့်ရှိသဖြင့် သင်တန်းစားသောက်စရိတ်အား လက်ရှိကုန်ဈေးနှုန်းနှင့် မျှတသည့်နှုန်းသို့ တိုးမြှင့်ခံစားခွင့်ပြုနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၅ |
| ၁၂ | JICA (Two Step Loan) ဖြင့် လယ်ယာလုပ်ငန်းကဏ္ဍ (Farming) နှင့် လယ်ယာကဏ္ဍကို အခြေခံ သော စီးပွားရေးလုပ်ငန်းကဏ္ဍ (Agri-business) များအတွက် ချေးငွေထုတ်ချေးရာတွင် လုပ်ကွက်ငယ်တောင်သူလယ်သမားများအတွက် အကျိုးသက်ရောက်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၈ |
| ၁၃ | မန်တုံမြို့နယ်တွင် မြန်မာ့စီးပွားရေးဘဏ်(ခွဲ)ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၃၄ |
| ၁၄ | ဒေါ်ချိုချို၊ အုတ်တွင်းမဲဆန္ဒနယ်က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လျင်မြန်ချောမွေ့လွယ်ကူစွာ ဝင်ရောက်နိုင်ပြီး လုပ်သားအင်အားအခြေပြုသော ကုန်ထုတ်လုပ်ငန်းများ (L abour Intensive Industry) ပိုမိုဖွံ့ဖြိုးတိုးတက်ကျယ်ပြန့်လာစေရန်အတွက် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ပေါ်လာအောင် ကူညီဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်းအဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း | ၃၇ |
| ၁၅ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး စတုတ္ထနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ပဉ္စမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း | ၄၄ |

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး

## စတုတ္ထနေ့ အစီအစဉ်

## [ ၂၂–၁–၂၀၁၈ ] (တနင်္လာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဒေါက်တာဦးအောင်ခင်၊ ပြင်ဦးလွင် မဲဆန္ဒနယ်၏ **ပြင်ဦးလွင်မြို့တွင် လူမှုဝန်ထမ်းဦးစီးဌာန၏ နေ့ကလေးထိန်းကျောင်းနှင့် မူကြိုဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးအောင်ကျော်ဇံ၊ ပေါက်တော မဲဆန္ဒနယ်၏ **ပေါက်တောမြို့နယ် တောင်ပိုင်းပင်လယ်ကမ်းစပ် မြေနိမ့်ပိုင်းဒေသတွင် နေထိုင်လျက်ရှိကြသော ပြည်သူများ၏ အသက်အန္တရာယ်ကို လတ်တလော ကာကွယ်ပေးနိုင်ရန်အလို့ငှာ လေဘေးဒဏ်ခံအဆောက်အဦ (Cyclone Shelter) (၃)လုံး ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဂ) ဦးစိုင်းဝေါင်းဆိုင်ဟိန်း၊ မောက်မယ် မဲဆန္ဒနယ်၏ **အမှိုက်စွန့်ပစ်ခြင်းနှင့် အမှိုက်သိမ်းဆည်းခြင်း နည်းစနစ်ကောင်းများကို နိုင်ငံသားများ အားလုံး တစ်ပြေးညီ လိုက်နာကျင့်သုံးဆောင်ရွက်သွားနိုင်မည့် စီမံချက်များ ရေးဆွဲချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက် ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးကျော်မင်းလှိုင်၊ ဥတ္တရသီရိ မဲဆန္ဒနယ်၏ **တောင်ညိုချောင်း၊ နတ်တောင်ချောင်းနှင့် တခွန်တိုင်ချောင်းများ တိမ်ကောမှုကြောင့် ကျေးရွာများနှင့်လယ်ယာမြေများအတွင်း ရေတိုက်စားကမ်းပြိုမှု များနှင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ပြီး ပျက်စီးဆုံးရှုံးမှုများကို ကာကွယ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးဇော်မင်းသိန်း၊ လေးမျက်နှာ မဲဆန္ဒနယ်၏ **မြို့ဝင်ကြေး ကောက်ယူနေမှု များအား ပိုမိုသင့်လျော်ကောင်းမွန်သော နည်းလမ်းများဖြင့် စီမံ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးကံမြင့်၊ သရက် မဲဆန္ဒနယ်၏ **မကွေးတိုင်းဒေသကြီး မြန်မာ့ စီးပွားရေးဘဏ်၊ သရက်ခရိုင်ဘဏ်ခွဲ အဆောက်အဦသည် နှစ်ကာလ ကြာမြင့်ပြီး ဟောင်းနွမ်းဆွေးမြည့်ခြင်း၊ အန္တရာယ်ရှိခြင်း၊ လုပ်ငန်း ပမာဏနှင့် အဆောက်အဦအရွယ်အစား မျှတမှုမရှိသည့်အတွက် အဆောက်အဦအသစ် တည်ဆောက်ခွင့်ပြုပါရန်** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဆ) ဦးခင်ချို၊ လှိုင်းဘွဲ့ မဲဆန္ဒနယ်၏ **ဝန်ထမ်းများ ဌာနတွင်းသင်တန်း များနှင့် အခြားသင်တန်းများကို ညအိပ်ညနေသင်တန်း တက်ရောက်ရာတွင် ခရီးစရိတ်ဥပဒေပါ နေ့တွက်စရိတ်ကို ခံစားခွင့်မရှိဘဲ တည်ဆဲသင်တန်း စားစရိတ်နှုန်းထားအရ တစ်ရက် ကျပ် (၅၀၀) နှုန်းသာ ခံစားခွင့်ရှိသဖြင့် သင်တန်းစားသောက်စရိတ်အား လက်ရှိကုန်ဈေးနှုန်းနှင့် မျှတသည့် နှုန်းသို့ တိုးမြှင့်ခံစားခွင့်ပြုနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဓ) ဦးသိန်းထွန်း၊ ကျောင်းကုန်း မဲဆန္ဒနယ်၏ **JICA(Two Step Loan)ဖြင့် လယ်ယာလုပ်ငန်းကဏ္ဍ(Farming)နှင့်လယ်ယာကဏ္ဍကို အခြေခံသော စီးပွားရေးလုပ်ငန်းကဏ္ဍ(Agri-business) များအတွက် ချေးငွေထုတ်ချေးရာတွင် လုပ်ကွက်ငယ် တောင်သူလယ်သမားများအတွက် အကျိုးသက်ရောက်မှု ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(န) ဒေါ်နန်းမိုး၊ မန်တုံ မဲဆန္ဒနယ်၏ **မန်တုံမြို့နယ်တွင် မြန်မာ့စီးပွားရေးဘဏ်(ခွဲ)ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

၆။ ဒေါ်ချိုချို၊ အုတ်တွင်း မဲဆန္ဒနယ်က **" နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လျင်မြန်ချောမွေ့လွယ်ကူစွာ ဝင်ရောက်နိုင်ပြီး လုပ်သားအင်အား အခြေပြုသောကုန်ထုတ်လုပ်ငန်းများ (Labour Intensive Industry) ပိုမိုဖွံ့ဖြိုးတိုးတက်ကျယ်ပြန့်လာစေရန်အတွက် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ပေါ်လာအောင်ကူညီဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့်လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ် ရယူခြင်း၊

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၈။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး စတုတ္ထနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ပဉ္စမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး**
**စတုတ္ထနေ့မှတ်တမ်း**

**၁၃၇၉ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်**
**(၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်)**
**(တနင်္လာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦးရှိတဲ့အနက် ၃၉၂ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ၉၀.၅၃ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး စတုတ္ထနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြား သူလွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ခွင့်ပန်ကြားသွားမှာဖြစ်ပါ တယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၃၉၂ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၃၆ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများကတော့-

(၁) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း ခွင့် ၃ ရက်၊
(၂) ဗဟန်းမဲဆန္ဒနယ်မှ ဦးထွန်းမြင့် ခွင့် ၁ ရက်၊
(၃) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၁ ရက်၊
(၄) ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအားမိုးဆီ ခွင့် ၅ ရက်၊
(၅) မင်းတပ်မဲဆန္ဒနယ်မှ ဦးနေလင်းအောင် ခွင့် ၁ ရက်၊
(၆) ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်နီရွှေလျှန်း ခွင့် ၁ ရက်၊
(၇) ဘောလခဲမဲဆန္ဒနယ်မှ ဦးအေးမောင် ခွင့် ၅ ရက်၊
(၈) ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း ခွင့် ၁ ရက်၊
(၉) အမ်းမဲဆန္ဒနယ်မှ ဒေါက်တာအေးမောင် ခွင့် ၁၀ ရက်၊
(၁၀) ဇလွန်မဲဆန္ဒနယ်မှ ဦးအောင်မင်း ခွင့် ၁ ရက်၊
(၁၁) သာပေါင်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ခွင့် ၂ ရက်၊
(၁၂) ဒေးဒရဲမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်ညို ခွင့် ၅ ရက်၊
(၁၃) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်တင်စိုး ခွင့် ၅ ရက်၊
(၁၄) ပုတာအိုမဲဆန္ဒနယ်မှ ဦးမိုးရွှေ ခွင့် ၅ ရက်၊
(၁၅) ဖားကန့်မဲဆန္ဒနယ်မှ ဦးတင့်စိုး ခွင့် ၅ ရက်၊
(၁၆) စဉ့်ကူးမဲဆန္ဒနယ်မှ ဒေါက်တာဇော်ဝင်းမြင့် ခွင့် ၁ ရက်၊
(၁၇) ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဦးရွှေကို ခွင့် ၂ ရက်၊
(၁၈) သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင် ခွင့် ၁ ရက်၊
(၁၉) မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်မိုင်း ခွင့် ၁ ရက်၊

(၂၀) ဟိုပန်မဲဆန္ဒနယ်မှ ဦးကျင်ဝမ်း ခွင့် ၅ ရက်၊
(၂၁) ဟိုပန်းမဲဆန္ဒနယ်မှ ဦးခွန်အောင်ကျော် ခွင့် ၁၀ ရက်၊
(၂၂) မတူပီမဲဆန္ဒနယ်မှ ဦးပါထန်း ခွင့် ၂ ရက်၊
(၂၃) မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော ခွင့် ၁ ရက်၊
(၂၄) မင်းပြားမဲဆန္ဒနယ်မှ ဦးစစ်နိုင် ခွင့် ၁ ရက်၊
(၂၅) လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းဘသိန်း ခွင့် ၃ ရက်၊
(၂၆) မိုင်းရှူးမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းအေး(ခ)ဦးစိုင်းထွန်းအေး ခွင့် ၁ ရက်၊
(၂၇) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၁ ရက်၊
(၂၈) ရေဖြူမဲဆန္ဒနယ်မှ ဦးသက်နိုင်ဦး ခွင့် ၅ ရက်၊
(၂၉) မြိတ်မဲဆန္ဒနယ်မှ ဦးစိုးပိုင်ဌေး ခွင့် ၃ ရက်၊
(၃၀) လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ဌေး ခွင့် ၂ ရက်၊
(၃၁) နန်းယွန်းမဲဆန္ဒနယ်မှ ဦးဝမ်းလှ ခွင့် ၃ ရက်၊
(၃၂) တန့်ဆည်မဲဆန္ဒနယ်မှ ဦးမြင့်ထွန်း ခွင့် ၁ ရက်၊
(၃၃) စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်သိန်းခိုင် ခွင့် ၃ ရက်၊
(၃၄) စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦး ခွင့် ၃ ရက်၊
(၃၅) ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးလှဌေးဝင်း ခွင့် ၅ ရက်နှင့်
(၃၆) ကန့်ဘလူမဲဆန္ဒနယ်မှ ဒေါက်တာလှိုင်မြင့်ဟန် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင်ခွင့်ပန်ကြားသူ ၅ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၃၆ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၄၁ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်း တင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး ယခင်ကခွင့်ပန်ကြား၍ခွင့်ပြုထားသူ ၅ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၃၆ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူ စုစုပေါင်း ၄၁ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ပြင်ဦးလွင်မြို့တွင် လူမှုဝန်ထမ်းဦးစီးဌာန၏ နေ့ကလေးထိန်းကျောင်းနှင့် မူကြိုဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ခင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာအောင်ခင်(ပြင်ဦးလွင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တက်ရောက်သောပုဂ္ဂိုလ်များအားလုံး မင်္ဂလာပါ။ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေခင်ဗျား။ ကျွန်တော်ကတော့ ပြင်ဦးလွင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်ခင် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ အခြေခံပညာကျောင်းမတက်မီ ကလေးသူငယ်များအား စနစ်တကျပြုစုပျိုးထောင်ရေးလိုအပ်လျက်ရှိ၍ ပြင်ဦးလွင်မြို့တွင် လူမှုဝန်ထမ်းဦးစီးဌာန၏ နေ့ကလေးထိန်းကျောင်းနှင့် မူကြိုဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိ မဲဆန္ဒရှင်များကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြင်ဦးလွင်မြို့သည် ခရိုင်မြို့ကြီးဖြစ်သည့်အားလျော်စွာ ရပ်ကွက်ကြီး ၂၁ ခုရှိရာ ဝန်ထမ်းများစွာရှိသကဲ့သို့ နေ့စဉ်စားဝတ်နေရေးအတွက် မိုးလင်းမှမိုးချုပ် ရုန်းကန်လှုပ်ရှားလုပ်စားနေရသော အခြေခံပြည်သူများ အမြောက်အမြားရှိပါသည်။ တစ်နေကုန်ရုန်းကန်လှုပ်ရှားနေကြသော လုပ်သားပြည်သူများတွင် အိမ်ထောင်ဦးစီးယောကျ်ားများက အပြင်ထွက်အလုပ်လုပ်နေသလို ဇနီးသည်မှာလည်း ရရာအလုပ်ထွက်လုပ်နေကြသဖြင့် အဆင်ပြေသလို မိမိရင်သွေးကို ထားခဲ့ကြရပါတယ်။ နေ့စဉ်လက်လုပ်မှ ပါးစပ်လုပ်နိုင်မည့်မိသားစုများ၏ ရင်သွေးများအဆင်ပြေစေရေးအတွက် အခက်အခဲတွေ့ကြုံရပါသည်။ ကလေးသူငယ်များမှာ အနာဂတ်တွင် တိုင်းပြည်တာဝန်ကိုယူရန်အတွက် ကာယ၊ ဉာဏဖွံ့ဖြိုးသောနိုင်ငံသားများဖြစ်ရန် လိုအပ်လှပါတယ်။ ဒီအရွယ်လေးတွေဟာ Brain Development ခေါ်တဲ့ ဦးနှောက်ဖွံ့ဖြိုးမှု၊ Amuse System ခေါ်တဲ့ ခန္ဓာကိုယ်ကတုံ့ပြန်နိုင်တဲ့စွမ်းရည်အားကောင်းမှု၊ ဒီအချိန်မှာ Development ဖြစ်ပါတယ်။ ထိုနည်းတူစွာပဲ ဒီအချိန်မှာ ကျွန်တော်တို့က Nutrition မကောင်းဘူးဆိုရင်လည်း အရပ်ပုတဲ့နိုင်ငံသူနိုင်ငံသားတွေထွက်လာပါတယ်။ ၃၀ ရာခိုင်နှုန်းလောက်ကလည်း အရပ်ပုတဲ့နိုင်ငံသူနိုင်ငံသားစာရင်းထဲမှာတွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က အခြေခံပညာမူလတန်းမတက်ရောက်မီ စနစ်တကျပြုစုပျိုးထောင်ရမယ့်ကလေးများအတွက် လူမှုဝန်ထမ်းဦးစီးဌာနမှ နေ့ကလေးထိန်းကျောင်းနှင့် မူကြိုကျောင်းဖွင့်လှစ်ပေးရန် အမြန်လိုအပ်နေပါတယ်။ ထိုသို့ဖွင့်လှစ်ပေးနိုင်ရန် မြေနေရာကိုလည်း ပြင်ဦးလွင်၌ စီစဉ်ထားရှိပြီးဖြစ်ပါတယ်။ သို့ပါ၍ ကလေးသူငယ်များအား စနစ်တကျပြုစုပျိုးထောင်ပေးနိုင်မည့် လူမှုဝန်ထမ်းဦးစီးဌာန၏နေ့ကလေးထိန်းကျောင်းနှင့် မူကြိုကျောင်းကို ပြင်ဦးလွင်မြို့တွင်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်

ဥက္ကဋ္ဌကြီးမှတစ်ဆင့် မျှော်လင့်တောင့်တလျက်ရှိသော ကျွန်တော့်၏မဲဆန္ဒရှင်ကိုယ်စား မေးမြန်းအပ်ပါသည်ခင်ဗျား။ အားလုံးပဲ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဝင်းမြတ်အေး(ပြည်ထောင်စုဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဖြစ်ပါတယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးမှာ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်ခင်၏ ကြယ်ပွင့်ပြမေးခွန်းဖြစ်သော အခြေခံပညာမတက်ရောက်မီ ကလေးသူငယ်များအား စနစ်တကျ ပြုစုပျိုးထောင်ရေး လိုအပ်လျက်ရှိ၍ ပြင်ဦးလွင်မြို့တွင် လူမှုဝန်ထမ်းဦးစီးဌာန၏ နေ့ကလေးထိန်းကျောင်းနှင့် မူကြိုဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိမေးခွန်းနှင့်စပ်လျဉ်း၍ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနဟာ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို အကောင်အထည်ဖော်ဆောင်ရွက်တဲ့နေရာမှာ ကလေးသူငယ်ဥပဒေအရ နိုင်ငံတော်က တာဝန်အပ်နှင်းထားတဲ့ ကလေးသူငယ်ဆိုင်ရာတာဝန်ယူဆောင်ရွက်ရတဲ့ဌာနဖြစ်ပါတယ်။ ဒါကြောင့်မိုလို့ သုံးနှစ်မှ ငါးနှစ်အရွယ်ကလေးငယ်များအတွက် အသက်အရွယ်အလိုက် ကာယ၊ ဉာဏ၊ စာရိတ္တ၊ ပေါင်းသင်းဆက်ဆံရေး၊ စိတ်လှုပ်ရှားခံစားမှု၊ ဘက်စုံဖွံ့ဖြိုးမှုရရှိစေရန်နှင့် ဘဝတစ်သက်တာအတွက် အခြေခံအလေ့အကျင့်ကောင်းများရရှိစေရန် ရည်ရွယ်ပြီးတော့ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာနည်းလမ်းများနှင့်အညီ ပြုစုပျိုးထောင်ပေးနိုင်ဖို့အတွက် မူလတန်းကြိုကျောင်းများကို ၁၉၅၃ ခုနှစ်ကစပြီးတော့ ဖွင့်လှစ်လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိပါတယ်။

ဒါ့အပြင် ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းများကို အသိအမှတ်ပြုခြင်း၊ နည်းပညာအကူအညီပေးခြင်း၊ ဆရာမနှစ်ဦး၏လစာစရိတ်ထောက်ပံ့ခြင်းများကို ၁၉၇၃ ခုနှစ်ကစ၍ ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလို ဆောင်ရွက်အကောင်အထည်ဖော်တဲ့နေရာမှာ အသက် သုံးနှစ်မှ ငါးနှစ်အရွယ်အထိ ကလေးသူငယ်များအတွက် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာနည်းလမ်းများနှင့်အညီ ပြုစုပျိုးထောင်ပေးဖို့အတွက် မူလတန်းကြိုကျောင်းများတည်ထောင်ဖွင့်လှစ်ခြင်းနှင့် ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းများအား အသိအမှတ်ပြုထောက်ပံ့ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်တာဖြစ်ပါတယ်။ တစ်နိုင်ငံလုံးမှာ လူမှုဝန်ထမ်းဦးစီးဌာနက

တည်ထောင်ဖွင့်လှစ်ထားတဲ့ မူလတန်းကြိုကျောင်း ၁၀၄ ကျောင်းသာရှိသော်လည်း ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ၉၈၆ ကျောင်းအား အသိအမှတ်ပြု၍ ဆရာမလစာနှင့် သင်ထောက်ကူပစ္စည်းများအတွက် နှစ်စဉ်ထောက်ပံ့ပေးလျက်ရှိပါတယ်။

မူလတန်းကြိုကျောင်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေးအတွက် နှစ်စဉ်စီမံကိန်းများမှာ တစ်နှစ်လျှင် အနည်းဆုံး ၁၀ ကျောင်းနှုန်း တိုးချဲ့ဖွင့်လှစ်နိုင်ရေး ထည့်သွင်းရေးဆွဲလျက်ရှိရာမှာ ၂၀၁၀-၂၀၁၁ ခုနှစ် ဘဏ္ဍာရေးနှစ်ထိ မူလတန်းကြိုကျောင်း ၆၅ ကျောင်းရှိရာမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ၁၀ ကျောင်းတိုးချဲ့ခဲ့ပြီး၂၀၁၆ ခုနှစ်မှ ယခုအထိ ၂၉ ကျောင်းထပ်မံတိုးချဲ့ဖွင့်လှစ်ခဲ့ပါတယ်။ ထို့ထက်ပိုပြီးတော့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ကစပြီး ကိုးနှစ်စီမံကိန်းနဲ့ စံပြအစိုးရမူလတန်းကြိုကျောင်းမရှိတဲ့ မြို့နယ် ၂၅၂ မြို့နယ်မှာ ဆက်လက်တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်ရန် စီစဉ်ထားပြီး ဖြစ်ပါတယ်။

မူလတန်းကြိုကျောင်းမဖွင့်လှစ်နိုင်သေးတဲ့ ရပ်ကွက်/ကျေးရွာများအတွင်းမှာရှိတဲ့ ကလေးငယ်များ၊ လူမှုရေးအခက်အခဲများနှင့် အကြောင်းအမျိုးမျိုးကြောင့် မူလတန်းကြိုကျောင်းသို့ မတက်ရောက်နိုင်တဲ့ အသက်ငါးနှစ်အောက် ကလေးငယ်များအတွက်လည်း နိုင်ငံတော်က ဆောင်ရွက်ပေးတဲ့ အစီအစဉ်ရှိပါတယ်။ အဲဒီအစီအစဉ်ကတော့ မိခင်ဝိုင်း ဖြစ်ပါတယ်။ ကျန်းမာစွာ အသက်ရှင်နေထိုင်ရေးရပ်ပိုင်း၊ အသိဉာဏ်ပိုင်းနှင့် လူမှုဆက်ဆံရေးအပိုင်းတွေမှာ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုရရှိစေဖို့ ရည်ရွယ်တာဖြစ်ပါတယ်။ ရပ်ကွက်/ကျေးရွာတွေအတွင်း ကလေးသူငယ်စောင့်ရှောက်ရေးလုပ်ငန်းတွေကို အဓိကဆောင်ရွက်ပေးတဲ့ မိသားစုနှင့် ရပ်ရွာလူ့အဖွဲ့အစည်းတွေကို အသိပညာပေးကူညီဖြည့်ဆည်းပေးပြီး အကောင်အထည်ဖော်တာဖြစ်ပါတယ်။ မိခင်ဝိုင်းများ ဖွဲ့စည်းခြင်းလုပ်ငန်းကို ရပ်ရွာ အခြေပြုကလေးသူငယ်ပြုစုပျိုးထောင်ရေးလုပ်ငန်းအနေနဲ့ ၂၀၀၇ ခုနှစ်မှစပြီး တိုင်းဒေသကြီး/ပြည်နယ်များမှာ စတင်ဆောင်ရွက်ခဲ့သော်လည်း အကောင်အထည်ဖော်မှုအားနည်းခဲ့တဲ့အတွက် လက်ရှိအချိန်ထိမြို့နယ်ပေါင်း ၂၇ မြို့နယ်မှာ မိခင်ဝိုင်း ၂၇၀ သာ ဖွဲ့စည်းနိုင်ခဲ့ပါတယ်။ ၂၀၁၆-၂၀၁၇ ခုနှစ်ကစပြီးတော့ မန္တလေးတိုင်းဒေသကြီးမှာ မိခင်ဝိုင်း ၁၁ ဝိုင်းထပ်မံတိုးချဲ့ဖွဲ့စည်းပြီး စောင့်ရှောက်လျက်ရှိတဲ့အပြင် အခု ၂၀၁၈ ခုနှစ်မှာ အရှိန်မြှင့်စီမံချက်နဲ့ မတ်လမတိုင်ခင် မိခင်ဝိုင်း ၂၅၅ ဝိုင်းကို ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံးမှာ တိုးချဲ့ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်ပြီးဖြစ်ပါတယ်။ ဆောင်ရွက်ပြီးစီးမှုများကိုလည်း ရေရှည်တည်တံ့ဖို့အတွက် ကြီးကြပ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

လူမှုဝန်ထမ်းဦးစီးဌာနအနေနဲ့ လက်ရှိမန္တလေးတိုင်းဒေသကြီးမှာ ပြင်ဦးလွင်ခရိုင်၊ ဇီးပင်ကြီး မူလတန်းကြိုကျောင်းအပါအဝင် မူလတန်းကြိုကျောင်း ကိုးကျောင်း ဖွင့်လှစ်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပြီးတော့ မန္တလေးတိုင်းဒေသကြီးအတွင်း ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်း ၇၄ ကျောင်းကိုလည်း နည်းပညာနှင့် ပံ့ပိုးငွေများ ပေးလျက်ရှိပါတယ်။ အဆိုပါ ၇၄ ကျောင်းမှ ပြင်ဦးလွင်ခရိုင်မှာ ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်း ၁၀ ကျောင်းပါရှိပါတယ်။ ဒါ့အပြင် လူမှုဝန်ထမ်းဦးစီးဌာနမှ မူလတန်းကြိုကျောင်းသစ်များ ထပ်မံတိုးချဲ့ရေး ဆောင်ရွက်လျက်ရှိရာမှာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်နှင့် မတ္တရာမြို့နယ်တို့မှာလည်း ဖွင့်လှစ်နိုင်ရေး လျာထားပြီးဖြစ်ပါတယ်။

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ အောင်ခင်၏ မေးခွန်းတွင်ပါရှိသော ပြင်ဦးလွင်မြို့နယ်တွင် မူလတန်းကြိုကျောင်း တစ်ကျောင်းအား ဖွင့်လှစ်ပေးနိုင်ရန်အတွက် မြေနေရာရရှိပြီးဖြစ်တဲ့အတွက် မူကြိုအဆောက်အဦ ဆောက်လုပ်ပေးရန် လူမှုဝန်ထမ်းဦးစီးဌာနရဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ အကောင်အထည်ဖော်ရန် လျာထား သတ်မှတ်ပြီးဖြစ်ကြောင်း တင်ပြလိုပါတယ်။ ဒါ့အပြင် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုစောင့်ရှောက် ရေးလုပ်ငန်းစဉ်ပါ မိခင်ဝိုင်းများ ဖွင့်လှစ်ပေးနိုင်ရန် အတွက် ပြင်ဦးလွင်မြို့နယ်မှာ မိခင်ဝိုင်း ငါးဝိုင်းကို အောင်ချမ်းသာကျေးရွာ၊ ဒါးသွေးကျောက်ကျေးရွာ၊ အင်သာကျေးရွာ၊ ညံညင်းသာကျေးရွာ၊ ကျင်ဂနိုင် ကျေးရွာများအပြင် မြို့နယ်စုပေါင်းရုံးမှလည်း ဝန်ထမ်းမိခင်များအတွက် နေရာသတ်မှတ်ဆောင်ရွက် နေပြီဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ပေါက်တောမြို့နယ် တောင်ပိုင်းပင်လယ်ကမ်းစပ် မြေနိမ့်ပိုင်းဒေသတွင် နေထိုင်လျက်ရှိကြသော ပြည်သူများ၏အသက်အန္တရာယ်ကို လတ်တလောကာကွယ်ပေးနိုင်ရန်အလို့ငှာ လေဘေးဒဏ်ခံ အဆောက်အဦ(Cyclone Shelter) (၃)လုံး ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်ကျော်ဇံ(ပေါက်တောမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ၊ ဝန်ကြီးများအားလုံးကို ရိုသေစွာ ဂါရဝပြုနှုတ်ဆက်ပါတယ်။ ကျွန်တော်ကတော့ ပေါက်တောမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကျော်ဇံ ပါ။ ကျွန်တော်တင်ပြမယ့်မေးခွန်းကတော့ ပေါက်တောမြို့နယ် တောင်ပိုင်းပင်လယ်ကမ်းစပ်မြေနိမ့်ဒေသများတွင် နေထိုင်လျက်ရှိကြသော ပြည်သူများ၏အသက် အန္တရာယ်ကို လတ်တလောကာကွယ်ပေးနိုင်ရန်အလို့ငှာ လေဘေးဒဏ်ခံအဆောက်အဦ Cyclone Shelter သုံးလုံးဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်ပတ်သက်ပါတယ်။ ကျွန်တော်မေးရတဲ့ ရည်ရွယ်ချက်ကတော့ မုန်တိုင်းဒဏ်ခံနိုင်မယ့် ခိုင်မာတဲ့အဆောက်အဦများ ကြိုကြိုတင်တင် ဆောက်လုပ်ထားပေးပြီးမှ ပြည်သူလူထုစိတ်ပိုင်းဆိုင်ရာလုံခြုံမှုရဖို့နဲ့ မုန်တိုင်းကျရောက်လာပါက လည်း လတ်တလောခိုနားနိုင်ဖို့ ရည်ရွယ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ အကျိုးအကြောင်းဆက်စပ်ဖော်ပြရရင် ကျွန်တော်တို့ ပေါက်တောမြို့နယ်ဟာ လူဦးရေ ၁၈၅၀၀၀ ရှိပါတယ်။ ဧရိယာ ၄၁၃ စတုရန်းမိုင်ရှိတဲ့အတွက် မြို့နယ် ကြီးတစ်ခုဖြစ်ပါတယ်။ ရခိုင်ပြည်နယ်မြို့တော် စစ်တွေနဲ့ ၁၆ မိုင်၊ ပုဏ္ဏားကျွန်း၊ မင်းပြား၊ မြေပုံမြို့နယ် များနှင့် နယ်နိမိတ်ခြင်းထိစပ်နေတဲ့အပြင် ဘင်္ဂလားပင်လယ်အော်ရဲ့အစိတ်အပိုင်းတစ်ခုဖြစ်တဲ့ ဟန်းတာပင်လယ်အော်ကမ်းစပ်မှာ တည်ရှိပါတယ်။ ပဒမ်မြစ်ဝှမ်းဒေသဖြစ်တာကြောင့်လည်း မြေနိမ့် ပါတယ်။ ရေပြင်အထက် ၁၁ ပေသာမြင့်သောကြောင့် မုန်တိုင်းအန္တရာယ်ဟာ အမြဲတမ်းကြုံတွေ့နေရ ပါတယ်။ ကျွန်တော်တို့မှီလိုက်တဲ့ ၁၉၆၈ ခုနှစ် ရခိုင်လေမုန်တိုင်းကြီးနဲ့ ၂၀၁၀ ခုနှစ် နာဂစ်မုန်တိုင်းကြီး အပါအဝင် မုန်တိုင်းကြီးလေးကြိမ်တိုက်ခိုက်ခဲ့ရာမှာ လူသေဆုံးမှု ၁၀၃၈ ဦး၊ လူနေအိမ်အပါအဝင်

ပစ္စည်းဆုံးရှုံးမှုက ၂၃၅၅၆.၄ သန်း ရှိပါတယ်။ ထိုစဉ်က သစ်လုံးကြီးများနှင့် အခိုင်အမာဆောက်ထားတဲ့ ဘုန်းတော်ကြီးကျောင်းများမှာ ခိုလှုံနိုင်ခဲ့လို့သာ အသက်အန္တရာယ်ကျရောက်မှုနည်းပါးခဲ့ခြင်း ဖြစ်ပါတယ်။ ဘုန်းတော်ကြီးကျောင်းများလိုပဲ အခုလိုကာလမျိုးမှာ လေမုန်တိုင်းဒဏ်ခံနိုင်တဲ့အဆောက်အဦအခိုင်အမာဆောက်လုပ်ပေးနိုင်ပါမှ ကျွန်တော်တို့ပြည်သူတွေကို လုံခြုံမှုပေးနိုင်မှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တင်ပြပါ မုန်တိုင်းဒဏ်ခံအဆောက်အဦတည်ဆောက်မယ့်နေရာများကတော့ ချောင်းဆောက်ကျေးရွာ၊ သစ်ပုတ်ကျေးရွာနှင့် ပုဏ္ဏားကြီးကျေးရွာ သုံးရွာဖြစ်ပါတယ်။ ဒီရွာများဟာ အစဉ်အလာအရ လေမုန်တိုင်းဒဏ်အများဆုံးခံရတဲ့ကျေးရွာများ ဖြစ်ပါတယ်။ ၁၉၆၈ ခုနှစ် လေမုန်တိုင်းကျရောက်တုန်းက ရေမျက်နှာပြင်အထက် ခြောက်ပေအထိအောင် ရေတက်ခဲ့လို့ ပြေးစရာမြေမရှိ၊ စားစရာ ဆန်၊ ရေ မရှိဖြစ်ပြီး အားလုံးနဲ့ နှစ်ရက်ခန့် အဆက်အသွယ်ပြတ်ခဲ့ရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၀ ခုနှစ် နာဂစ်မုန်တိုင်းကျရောက်ပြီးနောက်ပိုင်းမှာတော့ ဒေသခံပြည်သူလူထုဟာ အတွေ့အကြုံအရ မိုးလေဝသအထူးသတင်းကြေညာတာနဲ့တစ်ပြိုင်နက် သူတို့ရဲ့ပါနိုင်သမျှ ပစ္စည်းစလွယ်များကို ယူဆောင်ပြီး မြို့ပေါ်၊ တောင်ကုန်း၊ တောင်တန်းများရှိရာကို တက်လာပါတယ်။ မြို့ပေါ်ကလည်း ထမင်းထုပ်၊ ဟင်းထုပ်များ ဆင့်ပြီး ကျွေးမွေးပြုစုရပါတယ်။ ထို့ကြောင့် တောရော၊ မြို့ပါပြည်သူများ အလုပ်ပျက်၊ အကိုင်ပျက်နဲ့ ဒုက္ခအကြီးအကျယ်ရောက်ရပါတယ်။ အခုပေါက်တောမြို့နယ်တစ်ခုလုံးမှာ အသက်ကယ်ဆယ်ရေးကန် နှစ်ကန်၊ အသက်ကယ်ကုန်းတစ်ကုန်းနှင့် ဆိုင်ကလုန်းမုန်တိုင်းဒဏ်ခံ အဆောက်အဦတစ်လုံးသာရှိပါတယ်။ ပြည်သူတွေဟာ ပေါက်တောနဲ့နယ်စပ်ခြင်း ထိစပ်နေသော မင်းပြားနဲ့ မြေပုံမြို့နယ်များမှာတည်ရှိသော ဆိုင်ကလုန်းဒဏ်ခံမုန်တိုင်းအဆောက်အဦများကို တွေ့မြင်နေရတာကြောင့် ပြည်သူလူထုတောင်းဆိုမှုဟာ ပိုမြင့်လာပါတယ်။ ကျွန်တော် တင်ပြတဲ့ ကျေးရွာသုံးရွာရဲ့အနေအထားအရ မြေပုံနှင့် မြေအကျယ်အဝန်းကိုရှာထားပြီးသား အခြေအနေများကို ကျွန်တော်တင်ပြပါမယ်။ Power Point သုံးခွင့်ပြုပါခင်ဗျား။ ဒါကတော့ ပေါက်တောမြို့နယ်ရဲ့ ဟန်းတာပင်လယ်အော်နားကပ်တဲ့နေရာမှာ ရွာသုံးရွာကို ညွှန်ပြခြင်းဖြစ်ပါတယ်။ ဒါကတော့ သစ်ပုတ်ကျေးရွာမှာ မြေရှာထားပြီးသားဧက ၁.၀၈ ဧက ဖြစ်ပါတယ်။ နောက် ချောင်းစောက်ကျေးရွာမှာ မြေဧက ၁.၂၃ ဧက ရှာထားပြီးသားရှိတယ်ဆိုတဲ့အကြောင်း။ တတိယကတော့ ပုဏ္ဏားကြီးကျေးရွာ လူဦးရေ ၂၂၇၅ ဦးရှိပြီးတော့မှ မြေဧက ၀.၈ ဧက ရှာထားပြီးဖြစ်ကြောင်း တင်ပြလိုပါတယ်။ မြို့နယ်အနှံ့အလားတူအန္တရာယ်ကျရောက်နိုင်တဲ့ဒေသတွေ အများကြီးရှိသော်လည်းပဲ ဦးစားပေးအစီအစဉ်အလိုက် ရွေးချယ်တင်ပြခြင်းဖြစ်ပါတယ်။ တာဝန်ခွင့်ပြုချက်ဘောင်အတွင်း စဉ်ဆက်မပြတ် ဆောက်လုပ်ပေးဖို့ လိုပါတယ်။ ဒီကြားထဲမှာ ရခိုင်ပြည်နယ်အစီအစဉ်နဲ့ ပုဏ္ဏားကြီးကျေးရွာအတွက် Cyclone Shelter တစ်လုံး ပေးပြီးဖြစ်လို့ လောလောဆယ် နှစ်လုံးပဲ လိုပါတယ်။ သို့သော်လည်းပဲ ပုဏ္ဏားကြီးကျေးရွာအစား သရက်ခုံကျေးရွာကို အစားထိုးပေးနိုင်ဖို့ ကျွန်တော်အဆိုပြုတင်ပြလိုပါတယ်။ နိဂုံးချုပ်အနေနဲ့ကတော့ ကျွန်တော်တို့ပေါက်တောမြို့နယ်တောင်ပိုင်း ပင်လယ်ကမ်းစပ်မြေနိမ့်ဒေသများမှာ နေထိုင်ကြတဲ့။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ**။ ။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဝင်းမြတ်အေး(ပြည်ထောင်စုဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးမှာ ရခိုင်ပြည်နယ်၊ ပေါက်တောမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဇံရဲ့ ပေါက်တောမြို့နယ်တောင်ပိုင်း ပင်လယ်ကမ်းစပ်မြေနိမ့်ပိုင်းဒေသတွင် နေထိုင်လျက်ရှိကြသော ပြည်သူများ၏ အသက်အန္တရာယ်ကို လတ်တလောကာကွယ်ပေးနိုင်ရန်အလို့ငှာ လေဘေးဒဏ်ခံအဆောက်အဦ (Cyclone Shelter) (၃)လုံး ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်ဟာ ရေမြေသဘာဝအနေအထားအရ ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်မှာ တည်ရှိတဲ့အတွက် မုန်တိုင်းအန္တရာယ်ကို နှစ်စဉ်တွေ့ကြုံခံစားရတဲ့ဒေသဖြစ်ရာ မုန်တိုင်းဒဏ်ခံခိုလှုံရာအဆောက်အဦ လိုအပ်ချက်အပေါ်မူတည်ပြီး ဆောက်လုပ်ပေးနိုင်ဖို့အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၊ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနအနေနဲ့ ရခိုင်ပြည်နယ်အတွင်းမှာရှိတဲ့ မုန်တိုင်းအန္တရာယ်ကျရောက်နိုင်တဲ့ဒေသတွေမှာ Cyclone Shelter များကို ဆောက်လုပ်ပေးခဲ့ရာ ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ပေါက်တောမြို့နယ်၊ သာစည်ကုန်းကျေးရွာမှာ တစ်လုံးနှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ပေါက်တောမြို့နယ်၊ ငပြီတက်ကျေးရွာမှာ တစ်လုံးတို့ကို ဘတ်ဂျက်ရန်ပုံငွေနဲ့ ဆောက်လုပ်ပေးခဲ့တဲ့အပြင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့အစီအစဉ်နဲ့ ပေါက်တောမြို့နယ်၊ ကံပြင်ကျေးရွာမှာ တစ်လုံးကို ဆောက်လုပ်ပေးခဲ့ပြီးဖြစ်ရာ ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်အတွင်း ယနေ့အထိ Cyclone Shelter စုစုပေါင်း သုံးလုံးဆောက်လုပ်ပြီး ဖြစ်ပါတယ်။

ဒါ့အပြင် ယခု ၂၀၁၈ ခုနှစ်အတွင်းမှာ ပေါက်တောမြို့နယ် ပုဏ္ဏားကြီး၊ ကံချောင်း၊ အလယ်ကျွန်းကျေးရွာအုပ်စုတို့မှာ Cyclone Shelter သုံးလုံးကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေနဲ့လည်းကောင်း၊ ပေါက်တောမြို့နယ်၊ ငပြီကျွန်းကျေးရွာမှာ Cyclone Shelter တစ်လုံးကို ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ လှူဒါန်းငွေဖြင့်လည်းကောင်း ဆောက်လုပ်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိတဲ့အတွက်ကြောင့် ပေါက်တောမြို့နယ်အတွက် ယခုနှစ်မှာ လေးလုံးထပ်မံဆောက်လုပ်ပေးရန် စီစဉ်ဆောင်ရွက်ထားရှိပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပေါက်တောမြို့နယ်အတွင်း Cyclone Shelter ဆောက်လုပ်ပြီး သုံးလုံးရှိပြီး ထပ်မံဆောက်လုပ်ရန် အကောင်အထည်ဖော်မှု လေးလုံးဖြစ်ပါတယ်။ ဒီ Cyclone Shelter များ ဆောက်လုပ်မှုနဲ့ပတ်သက်၍ အနည်းငယ်

ရှင်းလင်းတင်ပြလိုပါတယ်။ Cyclone Shelter များဆောက်လုပ်ခြင်းဟာ သဘာဝဘေးရင်ဆိုင်ဖို့ အတွက် အဆင်သင့်ဖြစ်ရန်စီစဉ်တဲ့အတွက်ကြောင့်မို့လို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနဲ့ ကြီးကြပ်ဆောင်ရွက်တာ ဖြစ်ပါတယ်။ ဆောင်ရွက်တဲ့အခါမှာ အထူးစီမံချက် အနေနဲ့ ဆောင်ရွက်မယ့်ကိစ္စ ဒီနှစ်ဖြစ်တဲ့အတွက်ကြောင့် ဆောက်လုပ်မယ့်နေရာနဲ့ အနေအထား၊ မြေပြင်အခြေအနေများကို အဖွဲ့များဖွဲ့ပြီးတော့ စိစစ်ဆောင်ရွက်ခဲ့ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့ နေရာသုံးနေရာဟာ သင့်လျော်ပါတယ်။ ပုဏ္ဏားကြီး၊ ချောင်းစောက်နှင့် သစ်ပုတ်တို့ဖြစ်ပါတယ်။ ပုဏ္ဏားကြီးကျေးရွာကိုတော့ အခုဆောက်လုပ်မယ့်နေရာအတွက် ရွေးချယ်ထားပြီးဖြစ်ပြီးတော့ ချောင်းစောက်နှင့် သစ်ပုတ်နှင့်ပတ်သက်လို့ပြောရရင် သူတို့ထက်ပိုပြီးတော့ အခြေအနေ၊ အနေအထားအရ ပိုပြီးတော့ ဆောက်လုပ်ဖို့သင့်လျော်တာ ကံချောင်းနှင့် အလယ်ကျွန်း ဖြစ်ပါတယ်။ ကံချောင်းနှင့် အလယ်ကျွန်းများကိုလည်း ချောင်းစောက်နှင့် သစ်ပုတ်နေရာများကနေပြီးတော့ အလွယ်တကူပုဏ္ဏားကြီးနေရာကိုလည်း သွားရောက်နိုင်တဲ့အတွက်ကြောင့် အခုနေရာ အနေအထားရွေးချယ်မှု၊ မြေပြင်အခြေအနေ၊ နောက်ပြီးတော့ ရွာချင်းဆက်လမ်းတွေရယ်၊ လမ်းရဲ့ အခြေအနေ၊ အကယ်၍ အရေးပေါ်ဖြစ်လာလို့ရှိရင် ပြည်သူလူထုအလျင်အမြန် ခိုအောင်းနိုင်မယ့် အခြေအနေများကို ကွင်းဆင်းလေ့လာသုံးသပ်ပြီးတဲ့အခါမှာ ပုဏ္ဏားကြီး၊ ကံချောင်းနှင့် အလယ်ကျွန်း ဆိုပြီးတော့ သုံးခုကို ရွေးချယ်ရခြင်း ဖြစ်ပါတယ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေနဲ့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီရဲ့ဦးဆောင်မှုနဲ့ ဘေးဖြစ်ပွားတဲ့အခြေအနေတွေမှာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ Cyclone Shelter များ ဆောက်လုပ်ပေးဖို့ စီစဉ်ဆောင်ရွက်တဲ့ နေရာမှာ အခုနကဘေးအန္တရာယ်နဲ့ပတ်သက်ရင် ရင်ဆိုင်ရန်အသင့်ဖြစ်မှုဟာ အလွန်အရေးကြီးတဲ့ အတွက် အစိုးရအနေနဲ့ ပြည်သူလူထုအတွက် သဘာဝဘေးဒဏ်ကို ကြံ့ကြံ့ခံရင်ဆိုင် နိုင်စွမ်းရှိတဲ့ လူမှုအသိုက်အဝန်းဖြစ်ပေါ်ရေး ဦးတည်ဆောင်ရွက်တဲ့အနေနဲ့ ဘက်စုံသုံး Cyclone Shelter တွေကို တည်ဆောက်ပေးခြင်းဖြစ်ပါတယ်။ ဘက်စုံသုံး Cyclone Shelter အနေနဲ့ တည်ဆောက်လိုက်လို့ရှိရင် ဘေးဖြစ်ပါက အချိန်မီခိုလှုံနိုင်ခြင်းကြောင့် လွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့အတိုင်း အသက်ဘေး က ကင်းဝေးအောင်ဆောင်ရွက်နိုင်မှာ ဖြစ်တဲ့အပြင် ယခုနှစ်မှာ အမျိုးသားသဘာဝဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေနဲ့ ငွေကျပ် ၁၅.၉၇၃ ဘီလီယံအကုန်ခံပြီး Cyclone Shelter ၈၆ လုံးကို တစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီးမှာ ၅၇ လုံး၊ ရခိုင်ပြည်နယ်မှာ ၂၆ လုံး၊ ချင်းပြည်နယ်မှာနှစ်လုံး၊ ရှမ်းပြည်နယ်မှာတစ်လုံး ဖြစ်ပါတယ်။ Cyclone Shelter တွေ တည်ဆောက်တဲ့နေရာမှာ သာမန်အချိန်မှာ ပြည်သူများအတွက် မူကြိုကျောင်း၊ လိုအပ်ပါက စာသင်ကျောင်း၊ လူငယ်စင်တာ၊ လူထုစုဝေးရာနေရာစသဖြင့် ဘက်စုံသုံး နေရာအဖြစ် အသုံးပြုနိုင်မှာဖြစ်တဲ့အတွက် ပြည်သူတွေအတွက် တိုက်ရိုက်အကျိုးရှိစေမှာဖြစ်ပါတယ်။ ဒီလိုမြောက်မြားစွာတဲ့ ဘက်စုံသုံး Cyclone Shelter တွေကို အမှန်တကယ်လိုအပ်မှုနဲ့ ဘေးကျရောက်ပါက ကြံ့ကြံ့ခံနိုင်တဲ့ အဆောက်အဦဖြစ်အောင်လည်း နေရာရွေးချယ်မှု၊ ဒေသနဲ့ ကိုက်ညီမယ့်အဆောက်အဦပုံစံနဲ့ခိုင်ခံ့မှုတို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများက ပူးပေါင်းညှိနှိုင်းပြီး

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုကော်မတီရဲ့ကြီးကြပ်မှုနဲ့ ဆောက်လုပ်နေတာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ခြင်းဟာ ပြည်သူအမှန်တကယ်အကျိုးအမြတ်ရရှိခံစားနိုင်မယ့် အစိုးရရဲ့ အကျိုးရှိတဲ့ ရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်တယ်ဆိုတာကိုလည်း ရှင်းလင်းတင်ပြအပ်ပါတယ်။ သို့ဖြစ်ပါ၍ ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဇံရဲ့မေးမြန်းမှုဟာ ပြည်သူ့ကိုယ်စားလှယ်တစ်ဦးအနေနဲ့ ပြည်သူလိုအပ်ချက်ကို မေးမြန်းတာဖြစ်ပြီး ပြည်သူ့အကျိုးအလေးထားဆောင်ရွက်တဲ့အစိုးရအနေနဲ့လည်း ယခုလို ရှင်းလင်းတင်ပြခွင့်ရတဲ့အတွက် အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများ ဖြေကြားပြီးတဲ့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**အမှိုက်စွန့်ပစ်ခြင်းနှင့် အမှိုက်သိမ်းဆည်းခြင်းနည်းစနစ်ကောင်းများကို နိုင်ငံသားများအားလုံးတစ်ပြေးညီလိုက်နာကျင့်သုံးဆောင်ရွက်သွားနိုင်မည့်စီမံချက်များရေးဆွဲချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းငေါင်းဆိုင်ဟိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းငေါင်းဆိုင်ဟိန်း(မောက်မယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ကြီးများအားလုံး နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းငေါင်းဆိုင်ဟိန်း ဖြစ်ပါတယ်ခင်ဗျား။ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး သန့်ရှင်းသာယာလှပသော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာ၌ မရှိမဖြစ်ဆောင်ရွက်ရမည့် အမှိုက်စွန့်ပစ်ခြင်းနှင့် အမှိုက်သိမ်းဆည်းခြင်းနည်းစနစ်ကောင်းများပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ဒီမေးခွန်းကိုမေးမြန်းခွင့်တောင်းခံအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့လူမှုပတ်ဝန်းကျင်အသိုင်းအဝိုင်းတွင် မိသားစုတစ်ဦးချင်းမှအစ ရပ်ကွက်ကျေးရွာ၊ မြို့ကြီးများအဆုံး လူတိုင်းရင်ဆိုင်ကြုံတွေ့နေရသော စိန်ခေါ်မှုတစ်ရပ်မှာ အမှိုက်ပြဿနာပဲဖြစ်ပါတယ်။ ယနေ့ အခြေခံလူသုံးကုန်ပစ္စည်းများထုပ်ပိုးရာမှာ ဖျက်သိမ်းရန်ခက်ခဲတဲ့ ပလတ်စတစ်များ၊ ဖော့ဗူးများ၊ သံထည်၊ ဖန်ထည်များ အသုံးပြုလာကြသဖြင့် အမှိုက်များပိုမိုဖောင်းပွပေါ်များလာပါတယ်။ မိမိတို့ပြည်တွင်းထုတ်ကုန်ပစ္စည်းများသာမက နိုင်ငံခြားမှတင်သွင်းသော ကုန်ပစ္စည်းမျိုးပေါင်းများစွာကို ကျွန်တော်တို့ နေ့စဉ်အသုံးပြုပြီး မလိုအပ်သည့်အစိတ်အပိုင်းများကို အမှိုက်အဖြစ်ပြန်လည်စွန့်ပစ်ကြပါတယ်။ လူဦးရေထူထပ်များပြားသည့် ရန်ကုန်ကဲ့သို့ မြို့တော်ကြီးများတွင် နောက်ဖေးလမ်းကြားအမှိုက်ပြဿနာရင်ဆိုင်ရသကဲ့သို့ ရပ်ကွက်ကျေးရွာအဆင့်များတွင် စနစ်တကျမစွန့်ပစ်နိုင်သည့် အမှိုက်ကျင်း၊ အမှိုက်ပုံမရှိသဖြင့် ကြုံရာစွန့်ပစ်နေရသည့်အနေအထားမျိုးရှိပါတယ်။ မြို့နယ်အဆင့်တွေမှာ အတည်တကျစွန့်ပစ်ရမည့် အမှိုက်ပုံး၊ အမှိုက်ကျင်းများ စနစ်တကျဆောင်ရွက်နိုင်ခြင်းမရှိသေးပါ။ သင့်တော်ရာလမ်းဘေးဝဲယာ

များတွင်စုပုံ၍ များပြားလာပါက မီးရှို့သည့်စနစ်ကိုကျင့်သုံးနေကြောင်းတွေ့ရပါသည်။ မီးမလောင်နိုင်သည့် သံထည်၊ ဖန်ထည်များ နေရာအနှံ့ကျန်ခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၃-၈-၂၀၁၇ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာမှာ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဖယ်ခုံမြို့မှာ အမှိုက်စနစ်တကျစွန့်ပစ်တဲ့အလေ့အထကို ပြည်သူများက ၂၀၁၃ ခုနှစ်ကနေ စတင်လေ့ကျင့်ပျိုးထောင်ခဲ့လို့ ယခုအခါအောင်မြင်မှုရရှိနေပြီဖြစ်ကြောင်း ဖတ်ရှုရပါတယ်။ ရန်ကုန်မြို့၌ ကြီးမားသည့် အမှိုက်ပုံများကို စွမ်းအင်ထုတ်ယူရန် တင်ဒါများခေါ်ယူသည့်သတင်းများကိုလည်း ဖတ်ရှုရပါတယ်။ မုံရွာမြို့မှာတော့ တစ်နေ့လျှင် တန် ၁၀၀ ဝန်းကျင် စွန့်ပစ်နေတဲ့ အမှိုက်ပုံကို မီးရှို့ရာကနေ လူမှုပတ်ဝန်းကျင်ထိခိုက်ရပုံကို Skynet uptodate Chennel မှာ ထုတ်လွှင့်နေတာကို ကြည့်ရှုလိုက်ရပါတယ်။ ကျွန်တော်တို့ ပညာသင်ကြားဆည်းပူးခဲ့တဲ့ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်မှာတော့ ကော်ရီဒါတိုင်းမှာ အမှိုက်တွေ့လျှင်ကောက်ပစ်ပါ။ ကျေးဇူးတင်ပါတယ်ဆိုတဲ့စာတန်းလေးကပ်ထားပြီး အမှိုက်ပုံးထားရှိပေးပါတယ်။ ကျောင်းသူကျောင်းသားတွေနဲ့ ဆရာဆရာမများအားလုံး လိုက်နာဆောင်ရွက်တဲ့အတွက် အမှိုက်ရှင်းလင်းတဲ့စနစ်ကောင်းတစ်ခုပေါ်ထွက်လာပြီး ယနေ့တိုင် အစဉ်အလာကောင်းတစ်ခုတည်ရှိနေပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာတွင် မြို့ရွာများ သန့်ရှင်းသာယာလှပရေးအတွက် အမှိုက်သိမ်းဆည်းခြင်းစနစ်၊ အမှိုက်စွန့်ပစ်ခြင်းစနစ်များမှာ ယခုလက်ရှိအနေအထားထက် ပိုမိုတိုးချဲ့ဆောင်ရွက်သွားရန် အမှန်တကယ်လိုအပ်နေပါတယ်ခင်ဗျား။ ပြည်သူလူထုနှင့်သက်ဆိုင်သောကိစ္စရပ်များကို ပြည်သူလူထုပူးပေါင်းမှုအားဖြင့် ဖြေရှင်းဆောင်ရွက်နိုင်ရန် စီမံချက်မျိုး နိုင်ငံတော်အစိုးရမှ ဦးဆောင်ချမှတ်အကောင်အထည်ဖော်ပေးသင့်ပါတယ်။ သို့ဖြစ်ပါ၍ အောက်ပါမေးခွန်းများကို မေးမြန်းရခြင်းဖြစ်ပါတယ်။ (၁)ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာတွင် မရှိမဖြစ်လိုအပ်သည့် အမှိုက်စွန့်ပစ်ခြင်းနှင့် အမှိုက်သိမ်းဆည်းခြင်းနည်းစနစ်ကောင်းများကို နိုင်ငံသားများအားလုံး တစ်ပြေးညီလိုက်နာကျင့်သုံးဆောင်ရွက်သွားနိုင်မည့်စီမံချက်မျိုး ရေးဆွဲအကောင်အထည်ဖော်ချမှတ်ပေးနိုင်ခြင်းအစီအစဉ်ရှိ/မရှိ သိရှိလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နေပြည်တော်ကောင်စီက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်မြင်ထွန်း(အဖွဲ့ဝင်၊ နေပြည်တော်ကောင်စီ)**။ ။ လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေလို့ ပထမဦးစွာ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင်ထွန်း ဖြစ်ပါတယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်ရဲ့ သတ္တမပုံမှန်အစည်းအဝေးမှာ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မောက်မယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝေါင်းဆိုင်ဟိန်းရဲ့ ကြယ်ပွင့်ပြ

မေးခွန်းမေးမြန်းလာမှုအပေါ် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များက ပေါင်းစပ်ညှိနှိုင်းပြီးတော့ နေပြည်တော်ကောင်စီက ဖြေကြားပေးသွားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဦးစိုင်းဝေါင်းဆိုင်ဟိန်းရဲ့ မေးခွန်းမှာ တိုက်တွန်းထားသလိုပါပဲ တိုင်းဒေသကြီးနှင့်ပြည်နယ်အားလုံးမှာ ရှိတဲ့ စည်ပင်သာယာရေးအဖွဲ့များအနေနဲ့ကလည်း သဘောတူပါတယ်ဆိုတာ ပထမတင်ပြလိုပါတယ်။ တစ်နိုင်ငံလုံးသန့်ရှင်းသာယာလှပစေရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ် စည်ပင်သာယာရေး အဖွဲ့ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးစည်ပင်သာယာရေးကော်မတီတွေအနေနဲ့ စွန့်ပစ်အမှိုက်တွေကို ပထမဆုံးဘယ်လိုရှင်းလင်းဆောင်ရွက်တယ်ဆိုတာကို တင်ပြပေးမှာဖြစ်ပါတယ်။ အဲဒီတော့ ဆောင်ရွက်နေတာကတော့ အိမ်ရာရပ်ကွက်တွေမှာရှိတဲ့ အမှိုက်တွေကို ခေါင်းလောင်းတီးစနစ်နဲ့ သိမ်းဆည်းပေးတာ နောက် ဈေးအမှိုက်များကိုလည်း သီးသန့်သိမ်းဆည်းပေးတာ နောက်တတ်နိုင်တဲ့ နေရာတွေအားလုံးမှာ အမှိုက်ပုံးတွေချထားပေးတာ၊ ဆေးရုံ၊ ဆေးခန်းက စွန့်ပစ်ပစ္စည်းတွေကို သိမ်းဆည်းပေးတယ်။ နောက်စည်းကမ်းမဲ့အမှိုက်များကိုလည်း သိမ်းဆည်းရပါတယ်။ သီးခြားအမှိုက် သိမ်းဆည်းခြင်းဆိုတဲ့ One Call System ကိုလည်း လုပ်ပေးပါတယ်။ အမှိုက်စိုများမှ သဘာဝ မြေသြဇာထုတ်လုပ်ခြင်း၊ အမှိုက်ခြောက်များအမျိုးအစားခွဲခြားပြီး ပြန်လည်အသုံးပြုခြင်း၊ နောက်ဆုံး စွန့်ပစ်အမှိုက်ပုံကို သယ်ယူပို့ဆောင်ခြင်းနှင့် နေ့စဉ်မြေသားများဖုံးအုပ်ပေးတဲ့ စနစ်တွေနဲ့ အမှိုက်သိမ်းနည်းကို ဆောင်ရွက်နေပါတယ်။

အခု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ကြယ်ပွင့်ပြမေးခွန်းမှာပါတဲ့ အမှိုက်စွန့်ပစ်ခြင်း၊ အမှိုက်သိမ်းဆည်းခြင်းနည်းပညာပိုင်း နိုင်ငံသားတိုင်းလိုက်နာကျင့်သုံးမှုအစရှိတဲ့ အချက်တွေနဲ့ စပ်လျဉ်းပြီးတော့ ပြည်သူများရဲ့ ကျန်းမာရေးအန္တရာယ်ကို လျှော့ချပေးနိုင်စေပြီးတော့ ပြည်သူများ ပိုမိုကောင်းမွန်တဲ့ အမှိုက်စွန့်ပစ်ခြင်းစနစ်ဆောင်ရွက်နိုင်ဖို့ရာကတော့ အောက်ပါနည်းလမ်းများနဲ့ ပညာပေးဆောင်ရွက်ရမှာဖြစ်တယ်လို့ ဖော်ပြပါတယ်။ (က)ကတော့ Reduce လို့ခေါ်တဲ့ လျှော့ချခြင်း၊ စွန့်ပစ်ပစ္စည်းများနှင့် ဘေးထွက်ပစ္စည်းများကို လျှော့ချတဲ့နည်းပါပဲ။ (ခ)ကတော့ Reuse လို့ခေါ်တဲ့ ပြန်လည်အသုံးပြုခြင်း၊ ပစ္စည်းများကို အကြိမ်ကြိမ်ပြန်လည်အသုံးပြုခြင်း၊ (ဂ)ကတော့ Recycle and impost by heat အပူဖြင့် အသစ်တဖန်ပြန်လည်ထုတ်လုပ်ခြင်း၊ နောက်စနစ်တကျဖယ်ရှား ပြန်လည် အသုံးပြု၍မရသော ပစ္စည်းများကို ဖယ်ရှားခြင်း၊ နောက် Recovery လို့ခေါ်တဲ့ ကုန်ကြမ်းများ ပြန်ထုတ်ခြင်းနှင့် Disposal လို့ခေါ်တဲ့ စွန့်ပစ်ခြင်းတာဝန်တွေလုပ်ဆောင်ရမှာဖြစ်ပါတယ်။

အဲဒီလို ဆောင်ရွက်နိုင်ဖို့ရာအတွက် အမှိုက်များကို အမျိုးအစားခွဲခြားစွန့်ပစ်ရမှာဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ အမှိုက်စွန့်ပစ်တဲ့ ပြည်သူများနှင့်အတူ တာဝန်ယူထိန်းသိမ်း သိမ်းဆည်းတဲ့ဝန်ထမ်း များက စနစ်တကျဆောင်ရွက်နိုင်ဖို့ရာအတွက် ပြည်သူများလိုက်နာဆောင်ရွက်နိုင်စေဖို့ရာ ပညာပေး အစီအစဉ်များဆောင်ရွက်ခြင်း၊ စာသင်ကျောင်းများမှာ ထည့်သွင်းသင်ကြားခြင်း၊ ပညာပေးခြင်းများနဲ့ နိုင်ငံသားအားလုံး တစ်ပြေးညီကျင့်သုံးဆောင်ရွက်နိုင်ရန်အတွက် အမှိုက်စွန့်ပစ်ခြင်းနဲ့ပတ်သက်တဲ့ စည်းမျဉ်းစည်းကမ်းဥပဒေရေးဆွဲပြီးတော့များ ပညာပေးမယ်။ နောက်ပညာပေးခြင်းကာလလွန်မြောက် လာလို့ရှိရင် ဥပဒေရဲ့အာဏာသက်ရောက်မှုကို တိကျစွာအရေးယူဆောင်ရွက်ခြင်းမျိုးများ ဆက်လက် ပြီးတော့ လုပ်ဆောင်နိုင်ရမယ်လို့ ကျွန်တော်တို့ ယူဆပါတယ်။

မူကြမ်း

ဒါ့အပြင် စည်ပင်သာယာရေးကော်မတီများပိုင်တဲ့ တာဝန်ယူရတဲ့၊ စီမံခန့်ခွဲရတဲ့ မြို့နယ်များမှာ တတ်နိုင်သလောက်တော့ အမှိုက်သိမ်းစနစ်ဟာ လွှမ်းခြုံမှုရှိတယ်လို့ ပြောနိုင်ပေမယ့် မြို့များရဲ့ ပြင်ပ ကျေးလက်ဒေသတွေမှာ စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲပေးတဲ့အဖွဲ့အစည်းများမရှိပါဘူး။ အဲဒီတော့ ပြည်သူလူထုကိုယ်တိုင် ဖြေရှင်းဆောင်ရွက်နေရပါတယ်။ အဲဒီတော့ကာ အမှိုက်သိမ်းစနစ်ဟာ မြို့ရွာ တွေသာမကဘဲနဲ့ ကျေးလက်ပြည်သူတွေအတွက်ပါ မဟာဗျူဟာကျတဲ့ မူဝါဒတစ်ရပ်ရေးဆွဲပေးသင့် တယ်လို့ စည်ပင်သာယာရေးကော်မတီတွေကလည်း သဘောတူညီပါတယ်။ အဲဒီတော့ စွန့်ပစ်ပစ္စည်း တွေကို စီမံခန့်ခွဲနေတဲ့ စည်ပင်သာယာရေးအဖွဲ့အသီးသီးအနေနဲ့ နေပြည်တော်၊ ရန်ကုန်၊ မန္တလေး စည်ပင်သာယာရေးအနေနဲ့ စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲရာမှာလည်း ငွေကြေးလုံလောက်စွာ သုံးစွဲနိုင်ဖို့ ရာအတွက် နိုင်ငံတော်အနေနဲ့လည်း အကူအညီပေးသင့်ပါတယ်။ အဲဒီလိုပဲ စွန့်ပစ်ပစ္စည်းများ စနစ် တကျစီမံခန့်ခွဲရာမှာ စည်ပင်သာယာရေးအဖွဲ့အစည်းများနှင့်အတူ အမျိုးသားကျန်းမာရေးကိစ္စ တစ်ရပ်အဖြစ် စီစဉ်ဆောင်ရွက်သင့်ပါကြောင်း ဖြေကြားအပ်ပါတယ်။

တစ်ဆက်တည်းမှာပဲ ကျွန်တော်အနည်းငယ်တင်ပြလိုတာကတော့ ၃၀-၁၁-၂၀၁၇ ရက်နေ့က လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဦးစိုင်းငေါ်င်းဆိုင်ဟိန်းရဲ့ အဆိုတစ်ရပ်ဖြစ်တဲ့ ပတ်ဝန်းကျင် ထိန်းသိမ်းရေး အဆိုရှိပါတယ်။ အဲဒီအဆိုအတိုင်းပဲ။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းပဲဖြေပါ။

**ဦးအောင်မြင့်ထွန်း(အဖွဲ့ဝင်၊နေပြည်တော်ကောင်စီ)**။ ။ ဟုတ်ကဲ့ပါခင်ဗျား။ ဟုတ်။ အစိုးရက လုပ်နေတဲ့အကြောင်းလေးတင်ပြတာပါခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးစိုင်းငေါ်င်းဆိုင်ဟိန်း(မောက်မယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အခု အောက်ခြေအဆင့်မြို့နယ်တွေ ရင်ဆိုင်ကြုံတွေ့နေရတဲ့ အခက်အခဲ တွေကို တင်ပြချင်တဲ့အတွက် ဒီမေးခွန်းကို မေးမြန်းရခြင်းပဲဖြစ်ပါတယ်။ ကျွန်တော်တို့ အောက်ခြေ ပြည်သူလူထုရဲ့အခက်အခဲဟာလည်း၊ ရင်ဆိုင်နေရတဲ့အခက်အခဲတွေဟာလည်း အစိုးရရဲ့အခက်အခဲ ပဲဖြစ်ပါတယ်။ အောက်ခြေအဆင့်မြို့နယ်တော်တော်များများဟာ အခွန်အခဝင်ငွေနည်းပါးခြင်း၊ ဝန်ထမ်းဦးရေပြည့်မီအောင်မခန့်ထားနိုင်ခြင်း စတာတွေကြောင့် မြို့နယ်စည်ပင်သာယာရေးလုပ်ငန်း တွေမှာ အားနည်းချက်အများကြီးဖြစ်နေတာတွေတွေ့ရမှာဖြစ်ပါတယ်။ ဝင်ငွေနည်းပါးတဲ့အပြင် ထပ်မံ ဖွဲ့စည်းလိုက်တဲ့ စည်ပင်သာယာကော်မတီ လေးဦးကိုလည်း ထောက်ပံ့ငွေကြေးပြန်လည်ပေးအပ်နေ ရပါတယ်။ ဒါ တစ်နှစ်ကို ပျမ်းမျှ ၄၈ သိန်း၊ သိန်း ၅၀ ဝန်းကျင်ဆိုတာ အမှိုက်သိမ်းဆည်းခြင်းလုပ်ငန်း တစ်ခု ကောင်းကောင်းလုပ်ရင် ဆောင်ရွက်လို့ရပါတယ်။ ဒီကော်မတီများဟာလည်း ယနေ့အချိန်အထိ ဘာမှ အကောင်အထည်ဖော်ဆောင်ရွက်နိုင်တာ မတွေ့ရသေးပါဘူး။ ဒီတော့ ဒီဥစ္စာဟာလည်း ကျွန်တော်တို့စဉ်းစားဖို့လိုအပ်ပါတယ်။ ဒါ့အပြင် စနစ်တကျ အမှိုက်ပုံ၊ အမှိုက်ကျင်း၊ အမှိုက်စွန့်ပစ်ရန် မြေနေရာမရှိဘူး။ ပြီးတော့ တစ်ပတ်ကို တစ်ခါ ဒီအမှိုက်သိမ်းယာဉ်တွေဟာ ထွက်တစ်လှည့်၊ မထွက် တစ်လှည့်ဆိုတာမျိုးတွေဟာလည်း အောက်ခြေအဆင့်မြို့နယ်တော်တော်များများမှာ မြင်တွေ့နေရတဲ့

ကိစ္စတွေဖြစ်ပါတယ်။ ဒီဟာတွေကို ကျွန်တော်တို့ ဒီအတိုင်းဆက်သွားမလား။ ဘယ်လိုအဆင်ပြေအောင် ဆောင်ရွက်ရင်ကောင်းမလဲဆိုတာ သုံးသပ်ဆုံးဖြတ်ရမယ့် အချိန်မျိုးဖြစ်ပါတယ်။ နေပြည်တော်အနေနဲ့တော့ ပေါင်းလောင်းအရှေ့ကမ်းမှာနေပြီးတော့ အမှိုက်ပုံဆိုတာ ကျွန်တော်တို့ တွေ့ဖူးပါတယ်။ ပြီးခဲ့တဲ့ ယခင်နှစ်တုန်းက မီးခိုးတွေ တလူလူနဲ့ အမှိုက်ပုံကြီးအကြီးအကျယ်ပါပဲ။ ကနေ့အချိန်တော့ မတွေ့ရတော့ဘူး။ နေပြည်တော်မှာတော့ ဘယ်လိုသိမ်းဆည်းနေတယ်ဆိုတာကို မသိရပါဘူးခင်ဗျား။ နေပြည်တော်မှာ သိမ်းဆည်းနေတဲ့ သန့်ရှင်းရေးလုပ်ငန်းတွေ အောင်မြင်မှုရှိပါသလား။ ရာနှုန်းပြည့်အောင်မြင်ပါသလားဆိုတာကို မေးမြန်းလိုပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးအောင်မြင်ထွန်း(အဖွဲ့ဝင်၊နေပြည်တော်ကောင်စီ)**။ ။ နေပြည်တော်မှာရှိတဲ့ အမှိုက်သိမ်းစနစ်တွေ ရာနှုန်းပြည့်အောင်မြင်သလားဆိုတဲ့ကိစ္စနှင့်ပတ်သက်လို့ကတော့ အတတ်နိုင်ဆုံးတော့ စည်ပင်သာယာရေးကော်မတီများအနေနဲ့ဆောင်ရွက်နေတာဖြစ်ပါတယ်။ သို့သော်လည်းပဲ တစ်ခါတစ်ရံမှာ စည်ပင်သာယာရေးကော်မတီတွေကို ဘယ်နေရာမှာ အမှိုက်တွေရှိတယ်။ ဘယ်မှာအမှိုက်တွေလုပ်ပါအုံးဆိုတဲ့ စာတွေလာတာလည်းရှိပါတယ်။ အဲဒီလိုလာခဲ့လို့ရှိရင်လည်း ကျွန်တော်တို့ နေပြည်တော် စည်ပင်သာယာရေးကော်မတီတွေကတော့ အကုန်လုံးလိုက်လံရှင်းလင်းပြီးတော့၊ သိမ်းဆည်းပြီးတော့ တတ်နိုင်သမျှသန့်ရှင်းအောင် ရတဲ့အခွန်ဘဏ္ဍာနဲ့ငွေကြေးနဲ့ကိုက်ညီမှုရှိအောင် ဆောင်ရွက်နေတာဖြစ်ပါကြောင်း လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျွန်တော်တို့ လွှတ်တော်မှာ မေးခွန်းတွေ၊ အဆိုတွေနဲ့ပတ်သက်လို့ လွှတ်တော်ဆိုင်ရာနည်းဥပဒေရှိပါတယ်။ ဥပဒေလည်းရှိပါတယ်။ မေးခွန်းဆိုလို့ရှိရင်လည်း မေးခွန်းနဲ့ပတ်သက်တာကိုပဲ တိုက်ရိုက်ဖြေရပါတယ်။ အဆိုဆိုလို့ရှိရင်လည်း အဆိုနဲ့တိုက်ရိုက်ပတ်သက်တာကိုပဲ ဆွေးနွေးရပါတယ်။ ဒါကြောင့်မို့လို့ မေးခွန်းနဲ့ပတ်သက်လို့ မေးခွန်းကိုဖြေတဲ့အခါမှာ မေးခွန်းကိုပဲဖြေပါ။ ပြီးခဲ့တဲ့အဆိုကကိစ္စတုန်းကဆိုတာကို အခုမှပြန်ပြီးတော့ ရှင်းတဲ့ဟာမျိုးကိုတော့ ကျွန်တော်တို့ လွှတ်တော်မှာ လုပ်လို့၊ လုပ်ထုံးလုပ်နည်းအရ၊ နည်းဥပဒေအရ မရပါဘူး။ အဲဒီတော့ ပြီးခဲ့တဲ့အဆိုက အဆိုတုန်းက ရှင်းချင်တယ်ဆိုရင် အဲဒီတုန်းက သက်ဆိုင်ရာအဖွဲ့အစည်းအနေနဲ့ ရှင်းခွင့်ရှိပါတယ်။ ရှင်းခွင့်လည်းပေးခဲ့ပါတယ်။ ဒါကြောင့်မို့လို့ သူနဲ့တိုက်ရိုက်တဲ့မေးခွန်းနဲ့ အဆိုနဲ့ပတ်သက်တဲ့ဟာကိုပဲ ကျွန်တော်တို့လွှတ်တော်က ခွင့်ပြုမှာဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့ လာရောက်ဖြေကြားတဲ့ အဖွဲ့အစည်းဝင်များအားလုံး သိအောင်ပြောကြားထားခြင်းဖြစ်ပါတယ်။

**တောင်ညိုချောင်း၊ နတ်တောင်ချောင်းနှင့် တခွန်တိုင်ချောင်းများ တိမ်ကောမှုကြောင့် ကျေးရွာများနှင့် လယ်ယာမြေများအတွင်း ရေတိုက်စားကမ်းပြိုမှုများနှင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ပြီး ပျက်စီးဆုံးရှုံးမှုများကို ကာကွယ်ပေးရန် စီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဥတ္တရသီရိမဲဆန္ဒနယ်မှ ဦးကျော်မင်းလှိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်မင်းလှိုင်(ဥတ္တရသီရိမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များနှင့်

ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာဂါရဝပြု နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော် ကတော့ ဥတ္တရသီရိမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းလှိုင် ဖြစ်ပါတယ်။ ဥတ္တရသီရိမြို့နယ်အတွင်းရှိ တောင်ညိုချောင်း၊ နတ်တောင်ချောင်း၊ တခွန်တိုင်ချောင်းများ တိမ်ကောမှု ကြောင့် ကျေးရွာများနှင့် လယ်ယာမြေများ၊ ရေတိုက်စားကမ်းပြိုမှုများ၊ ရေကြီးရေလျှံမှုများကြောင့် ပျက်စီးဆုံးရှုံးမှုများကို ကာကွယ်မှုများဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းပြီး မေးခွန်း မေးမြန်းမှာဖြစ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မဲဆန္ဒနယ်ဖြစ်တဲ့ ဥတ္တရသီရိမြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာအများစုဟာ ဒီပဲခူးရိုးမကို အခြေခံထားတဲ့ရွာတွေ ဖြစ်ပါတယ်။ ရွာအများစုဟာလည်းပဲ တောင်ခြေနဲ့တစ်ဆက်တည်း ဆက်စပ်နေတဲ့ရွာများဖြစ်ပါတယ်။ အဲဒီတော့ ထိစပ်နေတဲ့ ပဲခူးရိုးမကိုအခြေပြုပြီး မြို့နယ်အတွင်းဖြတ်သန်းစီးဆင်းနေတဲ့ ချောင်းအများစု ဟာ နှစ်စဉ်ပြုပြင်မှုနည်းပါးခြင်း၊ သဲသောင်များမြင့်တက်လာခြင်းကြောင့် ချောင်းတွေဟာ တိမ်ကော နေပါတယ်။ ရိုးမပေါ်မှာမိုးများပြီး တောင်ကျရေစီးဆင်းတိုင်း ပြည်သူလူထုမှာ ဒုက္ခရောက်ကြရပါ တယ်။ ရေကြီးရေလျှံမှုများကြားမှာ ကမ်းပါးများပြိုကျခြင်း၊ လူနေအိမ်ခြေများ တိုက်စားပြိုကျ မျောပါ သွားခြင်း၊ အသက်အန္တရာယ်များ ကြုံတွေ့ရခြင်း၊ ကျွဲနွားများ၊ အိမ်မွေးတိရစ္ဆာန်များ မျောပါပျောက်ဆုံး ခြင်း၊ လယ်ယာမြေများပျက်စီးဆုံးရှုံးမှုများကြောင့် ဒုက္ခရောက်ကြခြင်း၊ နောက် ပြည်သူ့ငွေနဲ့ဆောင် ရွက်ထားတဲ့ လမ်း၊ တံတားများ၊ စာသင်ကျောင်းများနှင့် အခြားအဆောက်အဦများ ပျက်စီးဆုံးရှုံးနေမှု များကို နှစ်စဉ်ကြုံတွေ့ခဲ့ရပါတယ်။ Power Point သုံးခွင့်ပြုပါခင်ဗျား။ ဒါ ချောင်းရေတိုက်စားထားတဲ့ ပုံနဲ့ ချောင်းရေမလာတဲ့အချိန်မှာ ချောင်တွေကောပြီးတော့မှ သဲသောင်တွေဟာ ကမ်းပါးထက်မြင့်တဲ့ ပုံတွေဖြစ်ပါတယ်။ ဒါဟာ ရေကြီးတဲ့အချိန်မှာ ရိုက်ထားတဲ့ပုံတွေဖြစ်ပါတယ်။ အောက်ကပုံကတော့ ရေကျသွားတဲ့အချိန်မှာ ရှိနေတဲ့ပုံပါ။ ဒါကတော့ နှစ်စဉ် မိုးမရွာပေမဲ့လည်း တောင်ကျချောင်းရေလာတဲ့ အချိန်မှာ ဒါ ရေကြီးရေလျှံမှုတွေ ဖြစ်လာပြီးတော့မှ ပြည်သူလူထုဒုက္ခရောက်ရတဲ့အခြေအနေကို ပြထားတာပါ။ ဒါကတော့ ဒါနှစ်စဉ် ဒီတောင်ကျချောင်းရေလာတိုင်း သီးနှံတွေကို စိုက်ပျိုးပြီးခါစအချိန် တို့၊ စိုက်ပျိုးပြီး ရိတ်သိမ်းခါနီးအချိန် ဒီလိုမျိုးအချိန်လေးတွေ ဖြစ်တတ်တဲ့အတွက် ဒါ ပျက်စီးဆုံးရှုံးမှု၊ လမ်းတွေ၊ ကမ်းပါးတွေပျက်စီးတာ၊ သီးနှံတွေပျက်စီးတာမျိုးကို ပြထားတာဖြစ်ပါတယ်။ ကျေးဇူးတင် ပါတယ်ခင်ဗျ။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နှစ်စဉ်ရေကြီးမှုများကို ကာကွယ်ရန်အတွက် သက်ဆိုင်ရာဌာနများ၊ တာဝန်ရှိသူများနှင့် ကွင်းဆင်းပြီး လိုအပ်ချက်များကို နေပြည်တော်ကောင်စီသို့ အဆင့်ဆင့်တင်ပြထားတာရှိပါတယ်။ နေပြည်တော်ကောင်စီနယ်မြေအတွင်းမှာလည်းပဲ ကျွန်တော်တို့ မြစ်ချောင်းများကိုပြုပြင်နိုင်ဖို့အတွက် မြစ်ချောင်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မရှိပါဘူး။ ပို့ဆောင် ဆက်သွယ်ရေးဝန်ကြီးဌာနကို တိုက်ရိုက် ကျွန်တော်တို့ တင်ပြမှုလည်းရှိပါတယ်။ အဲဒီတော့ မြစ်ချောင်း ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြစ်ချောင်းဖွံ့ဖြိုးရေးဦးစီးဌာနကနေပြီးတော့ ကွင်းဆင်းပြီးတော့ ကျွန်တော်တို့တာဝန်ရှိသူတွေနဲ့ညှိနှိုင်းပြီးတော့မှ လိုအပ်တဲ့ဟာတွေကို လိုက်လံစစ်ဆေးတိုင်းတာထား တာလည်းရှိပါတယ်။ ရှိပြီးတော့မှ ကျွန်တော်တို့ အဆင့်ဆင့် တင်ပြမှုတွေလည်း ရှိခဲ့ပါတယ်။ ၂၀၁၆- ၂၀၁၇ ဘဏ္ဍာရေးနှစ်ကစပြီးတော့မှ တင်ပြခဲ့တာ ခွင့်ပြုငွေမရခဲ့ပါဘူး။ နောက် ပြည်ထောင်စုသီးသန့်

ရန်ပုံငွေမှာတင်ပြတော့လည်း ကျွန်တော်တို့မရခဲ့သေးပါဘူး။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် နေပြည်တော်ကောင်စီရဲ့ငွေလုံးငွေရင်းမှာတင်ပြသော်လည်းပဲ ဖြည့်စွက်ရန်ပုံငွေမှာရော မပါခဲ့ပါဘူး။ မပါခဲ့တဲ့အတွက် အခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် အရေးပေါ်ရန်ပုံငွေမှာတော့ တင်ပြထားတဲ့ လုပ်ငန်းတွေထဲက နေပြီးတော့မှ ကျွန်တော်တို့ ဥတ္တရသီရိမြို့နယ်အတွက် လုပ်ငန်းနှစ်ခုတော့ ပါလာပါတယ်။ ဒါကို ၁၆-၁-၂၀၁၈ ရက်နေ့မှာ ဒီအရေးပေါ်ရန်ပုံငွေနဲ့ပတ်သက်လို့ ပြည်ထောင်စုဝန်ကြီး ရှင်းပြသွားတဲ့ အထဲမှာလည်း နေပြည်တော်ကောင်စီရဲ့လုပ်ငန်းခြောက်ခုထဲမှာ ဥတ္တရသီရိမြို့နယ် အတွက် နှစ်ခုပါပါတယ်။ အဲဒီအတွက် မဲဆန္ဒနယ်ပြည်သူအပေါင်းကလည်းပဲ ဝမ်းသာပြီးတော့မှ တာဝန်ရှိသူများအားလုံးကို ကျေးဇူးတင်နေပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လုပ်ငန်းနှစ်ခု ဆောင်ရွက်ပေးလို့ အားလုံးဟာ ဝမ်းသာနေကြပေမဲ့လို့ ကျွန်တော်တို့ မြစ်ချောင်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနဲ့ မြို့နယ် အတွင်းမှာရှိတဲ့လုပ်ငန်းတွေကို တိုင်းတာပြီးတော့မှ တင်ပြထားတဲ့လုပ်ငန်း အများအပြားရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီမေးခွန်းမေးထားတဲ့အထဲမှာ လည်းပါပါတယ်။ ပါတော့ နတ်တောင်ချောင်း၊ တံခွန်တိုင်ချောင်းနဲ့ တောင်ညိုချောင်းတွေရဲ့ ရေကြီးမှုဖြစ်စဉ်တွေ၊ ကမ်းပါးပြိုမှုတွေကို ကာကွယ်နိုင် ဖို့အတွက်ကို အဆင့်ဆင့် တင်ပြထားတာတွေလည်း ရှိပါတယ်။ အဲဒီတော့ လုပ်ငန်းနှစ်ခုဆောင်ရွက် ပေးတာ ဝမ်းသာပေမဲ့ ကျန်တဲ့လုပ်ငန်းများကို မည်ကဲ့သို့ဆက်လက်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါ သဖြင့် မဲဆန္ဒရှင်ပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်း အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နေပြည်တော်ကောင်စီက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်မြင်ထွန်း(အဖွဲ့ဝင်၊ နေပြည်တော်ကောင်စီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဥတ္တရသီရိမဲဆန္ဒနယ်မှ ဦးကျော်မင်းလှိုင်ရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်ပြီးတော့ ဖြေကြားရမယ်ဆိုလို့ရှိရင် နံပါတ်(၁)ကတော့ မှန်ပါတယ်။ ကျွန်တော်တို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် အစ်မ ဒေါ်အောင်ဆန်းစုကြည်ပြောသလိုပါပဲ။ ရာသီဥတုဟာ ပုံမှန်မဟုတ်တာက ပုံမှန်ဖြစ်နေတယ်ဆိုတဲ့ဟာလိုပဲ။ ကျွန်တော်တို့နေပြည်တော်ကောင်စီနယ်မြေမှာလည်းပဲ အဲဒီလို ရေကြီးရေလျှံမှုများ များစွာဖြစ်တာတွေ့ရပါတယ်။ အဲဒီတော့ တွေ့ရတဲ့အတွက် ပြည်သူလူထုတွေကို Awareness ပေးပြီးတော့ ငွေတောင်းပေးနိုင်ဖို့ရာ လွှတ်တော်မှာမေးခွန်းမေးမြန်းပေးတဲ့ ဦးကျော်မင်းလှိုင်အပါအဝင် နေပြည်တော်ကောင်စီ ပြည်ထောင်စုနယ်မြေမှာရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများရဲ့ တင်ပြမှုကိုလည်း ကျွန်တော်တို့ ကြိုဆိုပါတယ်။ လေးလည်းလေးစားပါတယ်။ အဲဒီတော့ တစ်ဖက်က သုံးခုမေးထားတဲ့နေရာမှာ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးခွန်းမှာပါတဲ့ နတ်တောင်ချောင်း၊ တောင်ညိုချောင်းနှင့် တံခွန်တိုင်ချောင်း (၃)ချောင်းဖြစ်ပါတယ်။ ဥတ္တရသီရိမြို့နယ် အတွင်းမှာတည်ရှိပြီးတော့ ၂၀၁၇ ခုနှစ် ဩဂုတ်လအတွင်းက ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနနှင့်

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကွင်းဆင်းစစ်ဆေးတဲ့အခါမှာ နတ်တောင်ချောင်းဟာ တက်ရှိန်းကျေးရွာနှင့် တောင်ညိုကျေးရွာအထိ အလျား ၁၁ မိုင်ခန့်ရှည်လျားပါတယ်။ မိုးရာသီရေကျချိန်မှာ တောင်ကျရေစီးဆင်းတဲ့အတွက် နတ်တောင်ချောင်းဘေးတစ်လျှောက်မှာရှိတဲ့ အဆိုပါကျေးရွာများမှာ ရေကြီးရေလျှံမှုနှင့် ရေလွှမ်းမိုးမှုဒဏ်ကို နှစ်စဉ်ခံစားရပါတယ်။ ချောင်းရဲ့အထက်ဘက် ရေဝေရေလဲဒေသမှာ သစ်တောများ ပြုန်းတီးတဲ့အတွက် အပေါ်ယံမြေဆီလွှာများနှင့် မိုးရွာသွန်းချိန်မှာ ရေစီးနှင့်အတူ ချောင်းအတွင်းစီးဆင်းပြီးတော့ သဲနုန်းများပို့ချကာ ချောင်းကြမ်းပြင်ဟာ တစ်နှစ်ထက်တစ်နှစ် မြင့်တက်လာပါတယ်။ အဲဒီလို သဲနုန်းများတူးဖော်မယ်ဆိုရင် နတ်တောင်ချောင်းတစ်လျှောက် စုစုပေါင်းအလျား ၁၁ မိုင်ခန့် တူးဖော်ရမှာဖြစ်ပါတယ်။ စုစုပေါင်းခန့်မှန်းကုန်ကျစရိတ်က ၄၂၄၉.၅၂၁ သန်းဖြစ်ပါတယ်။ နတ်တောင်ချောင်း ရေကြီးရေလျှံလျှော့ချရေးအတွက် သဲနုန်းတူးဖော်ဖို့ရာ ရန်ပုံငွေရရှိရေးကတော့ နေပြည်တော်ကောင်စီအနေနဲ့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ နောက် အခုတင်ပြတဲ့ တောင်ညိုချောင်းနှင့် ဥတ္တရသီရိမြို့နယ်၊ တောင်ညိုချောင်းကျေးရွာအုပ်စု၊ အောင်ချမ်းသိန်းနှင့် ကျွန်တော်တို့ တံခွန်တိုင်မှာရှိတဲ့ ပိုးစာတောကျေးရွာများ ရေကြီးရေလျှံဖြစ်ပေါ်တဲ့ကိစ္စတွေကတော့ အောင်ချမ်းသိန်းကျေးရွာမှာ ရေတိုက်စားမှု ကမ်းပြိုကာကွယ်ဖို့ရာအတွက် Steel Basket အနေနဲ့ ကျောက်ဖြည့်မြေထိန်းနံရံ အလျား ၁၈၀၀ ပေဆောင်ရွက်ရန် ခန့်မှန်းကုန်ကျစရိတ် ကျပ် ၃၇၄ သန်းနှင့် ဥတ္တရသီရိမြို့နယ်၊ သရက်တောကျေးရွာအုပ်စု၊ ပိုးစာတောကျေးရွာအုပ်စု ရေကြီးရေလျှံကာကွယ်ရေးလုပ်ငန်းများအတွက် သောင်တူးခြင်း၊ မြေထိန်းနံရံတည်ဆောက်ခြင်း အလျား ၅၈၀၀ ပေဆောင်ရွက်ဖို့ရန်အတွက် ကျပ် ၅၂၀.၀၀ သန်းတို့ကို ပြည်ထောင်စုအရေးပေါ်ရန်ပုံငွေက ရရှိပြီးဖြစ်တဲ့အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ပြီးစီးအောင် ဆောင်ရွက်ပေးသွားနိုင်မှာဖြစ်ပါတယ်။ အဲဒီလိုပဲ ကျန်တဲ့မြို့နယ်တွေဖြစ်တဲ့နေရာတွေကိုလည်း ကျွန်တော်တို့ ကျပ် ၁၈၅၈ သန်း ရရှိတဲ့အတွက် ဆက်လက်ဆောင်ရွက်ပေးနေပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**မြို့ဝင်ကြေးကောက်ယူနေမှုများအား ပိုမိုသင့်လျော်ကောင်းမွန်သော နည်းလမ်းများဖြင့် စီမံဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လေးမျက်နှာမဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဇော်မင်းသိန်း(လေးမျက်နှာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များနှင့် ဧည့်သည်တော်များအားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လေးမျက်နှာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်ပြီးတော့ နိုင်ငံတစ်ဝန်းရှိမြို့များတွင် မြို့ဝင်ကြေးတောင်းခံကောက်ယူနေမှုများသည် ယာဉ်အသုံးပြုသူ ပြည်သူများအား စိတ်အနှောင့်အယှက်နှင့် ဝန်ထုပ်ဝန်ပိုးဖြစ်စေသည့်အတွက် တစ်ပြေးညီဖျက်သိမ်းပေးပြီး ပိုမိုသင့်လျော်ကောင်းမွန်သော နည်းလမ်းများဖြင့် စီမံဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့မေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မိမိတို့နိုင်ငံအတွင်းမှာရှိတဲ့ နိုင်ငံသားများဟာ လူမှုစီးပွားရေးအရသော်

လည်းကောင်း၊ အပန်းဖြေအလည်ပတ်ခရီးသော်လည်းကောင်း၊ ဌာနဆိုင်ရာလုပ်ငန်းတာဝန်အရသော် လည်းကောင်း၊ တစ်မြို့မှအခြားတစ်မြို့သို့ ယာဉ်အမျိုးမျိုးအသုံးပြုပြီးသွားနေရပါတယ်။ ဒီလိုသွားလာ တဲ့နေရာမှာ ဆိုင်ကယ်နှင့် ကားကိုအသုံးပြုသွားလာသူ အများဆုံးဖြစ်ပြီးတော့ မြို့တိုင်းမြို့တိုင်းမှာ ယခင်က ဝါးတစ်လုံးကို ကန့်လန့်တားပြီးကောက်တဲ့ဂိတ် ဝါးတားဂိတ် ယခုခေတ်အခေါ် မြို့ဝင်ကြေး ဂိတ်များကို ပေးဆောင်ပြီးမှသွားလာကြရပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေဇယား (၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း ဘဏ္ဍာရေးနှင့်စီမံကိန်းကဏ္ဍအပိုဒ်ခွဲ(င)မှာ အဆောက်အအုံနှင့် မြေခွန်၊ ရေခွန်၊ လမ်းမီးခွန်၊ ဘီးခွန်စသည့် စည်ပင်သာယာရေးဆိုင်ရာအခွန်အခများဆိုပြီး ပြဋ္ဌာန်းထား တဲ့အတွက်ကြောင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များရဲ့ စီမံခန့်ခွဲဆောင်ရွက်ပိုင်ခွင့်ရှိတဲ့ အထဲမှာပါနေ ပါတယ်။ ကျန်တဲ့အခွန်အခများဟာ တိကျစွာဆောင်ရွက်နိုင်ပေမယ့် ဘီးခွန်ကောက်တဲ့နေရာမှာတော့ စည်ပင်သာယာရေးဥပဒေများကို လေ့လာကြည့်တဲ့အခါမှာ ပြင်ပမှ မြို့စည်ပင်သာယာ ရေးနယ်နိမိတ် အတွင်း ဝင်ရောက်ရပ်နားသောယာဉ်များဆိုပြီး တွေ့ရပြန်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ လမ်းမကြီးများဥပဒေအခန်း (၁) အပိုဒ် ၂ အပိုဒ်ခွဲ(က)မှာ လမ်းမကြီးဆိုသည်မှာ ဆောက်လုပ်ရေး ဝန်ကြီးဌာနက လမ်းမကြီးအဖြစ် အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ထားသော လမ်းအားလုံးကို ဆိုလိုသည်။ ယင်းစကားရပ်တွင် လမ်းမကြီးတစ်ဖက်တစ်ချက်စီရှိ လမ်းနယ်နိမိတ်များနှင့် လမ်းမကြီး များတွင်ရှိသော တံတားများလည်း ပါဝင်သည်။ သို့ရာတွင် သက်ဆိုင်ရာ စည်ပင်သာယာရေးအဖွဲ့က ဖောက်လုပ်သည့် သို့မဟုတ် ပြုပြင်ထိန်းသိမ်းသည့်လမ်းများ မပါဝင်ဆိုပြီး ပြဋ္ဌာန်းထားပါတယ်။ တစ်ခါ အခန်း (၅) ပြစ်မှုပြစ်ဒဏ်များ အပိုဒ် ၉ အပိုဒ်ခွဲ(ဂ)မှာ လမ်းမကြီးများပေါ်တွင် ယာဉ်သွားလာမှုကို အနှောင့်အယှက်သော်လည်းကောင်း၊ ဘေးအန္တရာယ်ကိုသော်လည်းကောင်း ဖြစ်စေမည့်ပစ္စည်းကို တမင်ထားရှိရင်တောင်မှ ထိုသူကို သုံးလအထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ်တစ်သောင်းမှ အများဆုံးကျပ်တစ်သိန်းထိ ငွေဒဏ်ဖြစ်စေချမှတ်ရမည်လို့ ပြဋ္ဌာန်းထားပါတယ်။

တစ်ခါ ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းနှင့်တံတားအသုံးပြုခြင်းဆိုင်ရာဥပဒေအခန်း (၁) ပုဒ်မ ၂ ပုဒ်မခွဲ(ဃ)၊ (င)၊ (စ)မှာ သက်ဆိုင်ရာဝန်ကြီးဌာနက ဤဥပဒေအလို့ငှာသတ်မှတ်ထားသော လမ်းနှင့် တံတားပေါ်တွင် အသုံးပြုသူ၊ အသုံးပြုခြင်း၊ အသုံးပြုခ စသည်တို့ကိုတိကျစွာဖော်ပြ၍ ပြဋ္ဌာန်းထားပြီးသားဖြစ်ပါတယ်။ ယခုလက်ရှိအခြေအနေမှာ မြို့ဝင်ကြေးကရတဲ့ အခွန်အခများဟာ မြို့စည်ပင်သာယာဖွံ့ဖြိုးရေးအတွက် ပြန်သုံးတယ်ဆိုသော်လည်း ထိုအခြေအနေကို အခွင့်ကောင်းယူ ၍ မြို့တွင်း သို့ဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ၊ မြို့နယ်နိမိတ်ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ မြို့ဝင်ကြေးများ ကောက်ခံနေပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုပါ။ ဒါက ရေကြည်မြို့နယ်ဖြစ်ပါတယ်။ အသုတ်-ရေကြည်- ငါးသိုင်းချောင်းဆိုပြီးတော့ မြို့ဝင်ကြေးဂိတ် သုံးဂိတ် ရှိပါတယ်။ ၂၀-၇-၂၀၁၇ ရက်နေ့ ပဉ္စမပုံမှန်အစည်းအဝေး(၃၁)ရက်မြောက်နေ့မှာ ရေကြည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ရဲ့မေးခွန်းကို ဝန်ကြီးကိုယ်တိုင် လွှတ်တော်တွင် ဥပဒေနှင့်မညီပါဘူး လို့ပြန်လည်ဖြေကြားထားသော်လည်း ယနေ့အချိန်အထိ တောင်းခံနေဆဲဖြစ်ပါတယ်။ ဒါကတော့ ဖျာပုံမြို့ပါ။ တစ်မြို့တည်းကို မြို့ထဲဝင်တဲ့လမ်းလေးလမ်းရှိတဲ့အတွက် မြို့ဝင်ကြေးဂိတ်လေးခုရှိပါ တယ်။ ဂိတ်(၁)ကဝင်တယ်။ မြို့ဝင်ကြေးပေး ဖြတ်ပိုင်းယူပြီးတော့ ဂိတ်(၂)ဘက်ကို ထွက်သွားပါတယ်။

နာရီပိုင်းအတွင်း ဂိတ်(၂)ကနေပြီးတော့ ပြန်ပြီးဝင်လာရင် ဂိတ်(၂)မှာ ထပ်ဆောင်ရပါတယ်။ တစ်နေ့ထဲမှာပဲအကြောင်းရှိလို့ ဂိတ်လေးဂိတ်အဝင်အထွက်လုပ်မိရင် ဒီတစ်မြို့တည်းမှာပဲ မြို့ဝင်ကြေးလေးခါဆောင်ရတဲ့သဘောဖြစ်နေပါတယ်။ ဒါက အင်ပူမြို့နယ်ထဲက ကွင်းကောက်ဒေသဖြစ်ပါတယ်။ ကျွန်တော်တို့ မြို့လို့အမည်တပ်ထားပေမဲ့ တိုက်နယ်အုပ်စုဖြစ်ပြီးတော့ ဒီနေ့အချိန်မှာ မြို့ဝင်ကြေးတောင်းခံနေတာဖြစ်ပါတယ်။ ဒါတွေဟာ ကျွန်တော် လက်လှမ်းမီသ၍ တင်ပြခြင်းသာဖြစ်ပြီးတော့ ဒီလိုမျိုးဥပဒေနှင့်မညီ မြို့ဝင်ကြေးတောင်းခံနေမှုများဟာ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှာလည်းပဲရှိမှာပါ။ သို့ပေမဲ့ ကယားပြည်နယ်မှာတော့ ၂၀၁၇ ခုနှစ် ဧပြီလကစပြီး မြို့ဝင်ကြေးများရုပ်သိမ်းပြီးပါပြီ။ ကချင်မှာလည်း ၂၀၁၇ ခုနှစ် ဇူလိုင်လက ဖျက်သိမ်းလိုက်ပါပြီ။ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်မှာတော့ ၂၀၁၈ ခုနှစ် ဧပြီလဆိုရင် မထားတော့ပါဘူး။ ဒါကြောင့်မို့လို့ တစ်နိုင်ငံလုံးအတိုင်းအတာနှင့်တစ်ပြေးညီဖျက်သိမ်းပေးပြီး ပိုမိုသင့်လျော်ကောင်းမွန်သော နည်းလမ်းများဖြင့် ပေါင်းစပ်ညွှန်ကြားဆောင်ရွက်သွားရန် ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နေပြည်တော်ကောင်စီက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်မြင်ထွန်း(အဖွဲ့ဝင်၊ နေပြည်တော်ကောင်စီ)**။ ။ လေးစားအပ်သော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒါကိုလည်း ကျွန်တော်တို့ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များရဲ့ တင်ပြချက်များအရသာလျှင် ကျွန်တော်တင်ပြရမှာဖြစ်ပါတယ်။ အဲဒီတော့ တစ်ဖက်ကလည်းမှန်ပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၄ ကိုရည်ညွှန်းပြုတဲ့ ဇယား (၅) မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ကောက်ခံရမည့်အခွန်အခများဆိုတာ ဖော်ပြထားပါတယ်။ အမှတ်စဉ်(၄)မှာပါ။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့်လမ်းများ၊ တံတားများဖြတ်သန်းခလို့ တိတိကျကျတော့ ဖော်ပြထားပါတယ်။ ဒါလေးလည်း ကျွန်တော်တင်ပြတာဖြစ်ပါတယ်။ အဲဒီတော့ကာ တိုင်းဒေသကြီးနှင့်ပြည်နယ်များရဲ့ တင်ပြချက်များအရ တင်ပြရမယ်ဆိုလို့ရှိရင် အဓိကကျတဲ့ အခွန်ငွေကောက်ခံရတဲ့ကိစ္စဟာ ဥပမာ- ရန်ကုန်တိုင်းက တင်ပြထားတာဆိုလို့ရှိရင် အခွန်ဝင်ငွေ လျာထားချက်က ၆.၅၅ ဘီလီယံရှိပါတယ်။ မြို့ဝင်ကြေးကောက်ခံခြင်းမှ ရငွေဟာ ၁.၃၃ ဘီလီယံဖြစ်တဲ့အတွက် ဝင်ငွေရဲ့ ၂၀၊ ၃၀ ရာခိုင်နှုန်းဖြစ်ပါတယ်။ တိုင်းဒေသကြီးကိုလည်း ဘဏ္ဍာအခွန်ငွေ ပေးသွင်းရပါတယ်။ အဓိကကျတဲ့ လမ်းမကြီးများသန့်ရှင်းရေး၊ နေ့စဉ်ဆောင်ရွက်ပေးရတဲ့အသုံးစရိတ်၊ လမ်းမီးထွန်းခြင်း၊ ရေစီးရေလာကောင်းမွန်အောင်ပြုပြင်ခြင်း၊ လမ်းအသစ်ဖောက်လုပ်ခြင်းများ လုပ်ရပါတယ်။ အဲဒီတော့ ဥပဒေနှင့်အညီ ကောက်ခံတာဖြစ်တဲ့အတွက် ခုနတုန်းက ကိုယ်စားလှယ်ကြီးတင်ပြသလိုပါပဲ။ ကျန်တဲ့မြို့နယ်တွေကတော့ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့ဝင်များက ဖြေကြားကြတာကတော့ မြို့ဝင်ဘီးကောက်လိုင်စင်များကို ဖျက်သိမ်းပေးဖို့ရာ အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားပါတယ်။ ပြီးတော့ ခုနတုန်းက ပြည်ထောင်စုလမ်းမကြီးများ ဥပဒေနှင့် ကျွန်တော်တို့ ဘယ်လိုဖြစ်နေသလဲဆိုတာကတော့ မသိပါဘူး။ သို့သော်လည်းပဲ

ကျွန်တော်တို့ ဒီကိစ္စကိုတော့ ပြည်ထောင်စုအစိုးရအဖွဲ့ကို အခွန်ကောက်ခံတဲ့နေရာမှာ အခွန်ကောက်ခံပုံနည်းစနစ်၊ စည်းမျဉ်း၊ စည်းကမ်းတွေ တစ်ခါအခွန်ဆောင်ပြီးရင် ပြီးစီးခြင်းရှိ/မရှိ၊ နောက်အခွန်ကောက်ခံရာနှုန်းထားကောက်ခံသူများနှင့် အခွန်ထမ်းပြည်သူတွေရဲ့ ဆက်ဆံမှုဆိုတာတွေကို ကျွန်တော်တို့ အကြံပေးတင်ပြသွားမှာဖြစ်ကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြေရှင်းတင်ပြအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဇော်မင်းသိန်း(လေးမျက်နှာမဲဆန္ဒနယ်)**။ ။ ဆက်စပ်မေးခွန်း မေးခွင့်ပြုပါ။ ကျွန်တော်တို့နိုင်ငံမှာ ဒီဘဏ္ဍာငွေရရှိရေးကို တစ်ချိန်တုန်းက သယံဇာတတွေအလွန်အမင်း ထုတ်ယူသုံးစွဲရောင်းချပြီးတော့ ရှာဖွေခဲ့ရပါတယ်။ ဒီဘက်အစိုးရလက်ထက်မှာတော့ ကျွန်တော်တို့ သစ်တော၊ သယံဇာတကထုတ်ယူသုံးစွဲတာတွေ ပြည်သူတွေဆီက ရသင့်ရထိုက်တဲ့အခွန်များကိုပေးဆောင်စေပြီး အလေအလွင့်မရှိစေတဲ့ အကျိုးရှိထိရောက်အောင် ဆောင်ရွက်နေပါတယ်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့အသီးသီးကလည်း ရုပ်သိမ်းပေးနိုင်ခြင်းမရှိဘူးဆိုတဲ့အခါမှာ ကျွန်တော်တို့ ပြည်သူတွေဟာလမ်းကြေး၊ တံတားကြေးများကို ပေးချင်ကြပါတယ်။ သို့ပေမဲ့ မြို့ဝင်ကြေးနှင့်ပတ်သက်လို့တော်တော်လေးအခက်အခဲနှင့် ဝန်ထုပ်ဝန်ပိုးဖြစ်နေပါတယ်။ Power Point သုံးစွဲခွင့်ပြုပါ။ ဒါကကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ ဒီလမ်းကြေး၊ တံတားကြေးနှင့်ပတ်သက်လို့ ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်ရယ် ကျွန်တော်တို့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် နှစ်နှစ်အတောအတွင်းမှာ ဒီဂိတ်ပေါင်း ၂၈၂ဂိတ်ကို ဖြေလျှော့ပေးလိုက်တဲ့အခါမှာ ကျပ်သန်းပေါင်း ကျွန်တော်တို့ ၈၀၀၀ နီးပါး ဖြေလျှော့ပေးခဲ့ပါတယ်။ အဓိကကတော့ ရန်ကုန်တိုင်းဒေသကြီးမှာ ဂိတ်တွေမရှိတော့တဲ့အတွက် ကားတွေအဆင်ပြေချောမွေ့ပြီးတော့မှ ဒီလူမှုကွန်ယက်မှာလည်း ဒါနဲ့ပတ်သက်လို့ ပြည်သူတွေကနေပြီးတော့တော်တော်လေးကျေကျေနပ်နပ်တွေ တွေ့ရပါတယ်။ ဒါကတော့ လက်ရှိကျွန်တော်တို့ မေးခွန်းထဲမှာလည်းပါပါတယ်။ ပိုမိုသင့်လျော်ကောင်းမွန်တဲ့နည်းလမ်းများဖြင့်ဆိုပြီးတော့ ဖော်ပြထားတာဖြစ်တဲ့အတွက် ဒီလိုမျိုး ကျွန်တော့ခရိုင်အတွင်းမှာရှိတဲ့ မြို့နယ်များကို ကျွန်တော် လက်လှမ်းမီသရွေ့လေ့လာပြီးတော့မှ တွက်ချက်ထားတာဖြစ်ပါတယ်။ ဒီဘက်က မြို့နယ်ခြောက်မြို့နယ်ဖြစ်ပါတယ်။ အစိမ်းရောင်ကတော့ မြို့ဝင်ကြေးရငွေတွေဖြစ်ပါတယ်။ ဒီဘက်နောက်ဆုံးမှာတော့ ကား၊ ဆိုင်ကယ်ရမည့်ငွေဆိုပြီး ဖော်ပြထားပါတယ်။ အဲဒီအခါမှာ ဒီမြို့ဝင်ကြေးရတဲ့ငွေတွေနဲ့ ကျွန်တော်တို့ ၂၀၁၄ သန်းခေါင်စာရင်းအရ ဒီမြို့နယ်တစ်မြို့နယ်ထဲမှာရှိတဲ့ ကားနှင့်ဆိုင်ကယ် ဖော်ပြထားတဲ့စာရင်းတွေကို ဆိုင်ကယ်တစ်စီးကို ၁၀၀၀၊ ကားတစ်စီးကိုသာ ၁၀၀၀၀ နဲ့သတ်မှတ်လိုက်လို့ရှိရင် အပေါ်ဟသ်ာတမြို့၊ ဇလွန်မြို့၊ ကြံခင်းမြို့နယ်တွေဟာ နည်းနည်းလိုငွေပြပြီးတော့ မြန်အောင်မြို့၊ အင်္ဂပူမြို့၊ လေးမျက်နှာမြို့မှာရှိတဲ့ ဒီငွေများဟာ ပိုငွေပြနေပါတယ်။ ဒါကြောင့်မို့လို့ ဒီမြို့နယ်ပေါင်းချုပ်လိုက်တဲ့အခါမှာ ကျွန်တော်တို့ သိန်း ၁၀၀ ကျော်ပဲ ကွာဟပါတယ်။ ခြောက်မြို့နယ်ကို။ ဒီလိုမျိုး ကျွန်တော်တို့အခွန်တွေကို သက်သက်သာသာနဲ့ပြည်သူတွေလည်း ဝန်ထုပ်ဝန်ပိုးမဖြစ်စေတဲ့နည်းတွေနဲ့သာဆောင်ရွက်နိုင်ခဲ့မယ်ဆိုရင် ပိုမိုပြီးတော့ကောင်းမွန်မလားဆိုပြီးတော့ ကျွန်တော်လက်လှမ်းမီသရွေ့တင်ပြခြင်းဖြစ်ပါတယ်။ သို့အတွက်ကြောင့် ဒီလိုမျိုး ကျွန်တော့်ထက် ပိုပြီးတော့အဆင်ပြေမဲ့ နည်းလမ်း

များနှင့် ပြည်သူတွေအခက်အခဲမရှိအောင်ဆောင်ရွက်ပေးဖို့ရယ်၊ လက်ရှိဥပဒေနှင့်မညီတဲ့ဂိတ်တွေကို လာမယ့်ဘဏ္ဍာနှစ်ကစပြီးတော့ တိတိကျကျဖျက်သိမ်းပေးဖို့ အစီအစဉ်ရှိ/မရှိ ဆက်စပ်မေးခွန်းအား မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အခု ဆက်စပ်ရတဲ့ နောက်ဆုံးမေးခွန်းကို ဖြေကြားပေးပါ။

**ဦးအောင်မြင့်ထွန်း(အဖွဲ့ဝင်၊ နေပြည်တော်ကောင်စီ)**။ ။ ကျွန်တော့်အနေနဲ့တော့ ကိုယ်စား ဖြေကြားရတာဖြစ်တဲ့အတွက် ကျွန်တော်အစိုးရအဖွဲ့ရုံးကိုတော့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ နှင့်အညီ ပြည်နယ်နှင့်တိုင်းဒေသကြီးများက စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့ လမ်းများ၊ တံတားများဆိုတဲ့ကိစ္စကိုပဲ ကျွန်တော်တို့ အကြံပြုတင်ပြသွားနိုင်မှာပဲဖြစ်ပါတယ်။ ကျန်တဲ့ကိစ္စတွေကတော့ ကျွန်တော်တို့က ဖြေကြားလို့မရဘဲနဲ့ ပြည်ထောင်စုအစိုးရကိုပဲ အကြံပြုတင်ပြနိုင်မှာ လွှတ်တော်ရဲ့သဘောထားကို အကြံပြုတင်ပြနိုင်မှာဖြစ်ပါကြောင်း လေးစားစွာရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား

**ဥက္ကဋ္ဌ**။ ။ ကျွန်တော်တို့ လွှတ်တော်မှာ လွှတ်တော်ကိုယ်စားလှယ်တွေက ဒေသအခြေ အနေတွေ မေးခွန်းမေးတဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်တွေဘက်က ထိထိမိမိမေးဖို့ လိုအပ်သလို လာရောက်ဖြေကြားတဲ့ အဖွဲ့အစည်းတွေကလည်း လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ မေးခွန်းကို တိတိကျကျဖြေကြားဖို့လိုအပ်ပါတယ်။ တကယ်လို့ ပြည်နယ်/တိုင်းတွေက ခုနလိုပယ်ဖျက်ပေးဖို့ အစီအစဉ်မရှိပါဘူးဆိုရင်လည်း ဘာ့ကြောင့်မရှိလဲ၊ သူများပြည်နယ်/တိုင်းက လျှော့နိုင်တယ်၊ ကိုယ်ပြည်နယ်/တိုင်းက မပယ်ဖျက်နိုင်ဘူး။ ဘာကြောင့်မပယ်ဖျက်နိုင်လဲ။ ဘယ်လိုအခြေအနေရှိလဲ။ ဒီလိုကျိုးကြောင်းပြလေးတော့ ပါဖို့ကောင်းတယ်။ ဒီလိုကျိုးကြောင်း ပြမပါဘဲနဲ့ ကျွန်တော်တို့ ဒါကိုပယ်ဖျက်ပေးဖို့ အစီအစဉ်မရှိပါဘူး။ ပြည်နယ်/တိုင်းတွေက ဒီလိုပဲဖြေပါတယ်ဆိုပြီးတော့ လွှတ်တော်မှာ မရေရာမသေချာတော့ လာဖြေဖို့မသင့်ပါဘူး။ အဲဒီလို အဖြေမျိုးရတယ်ဆိုရင် ကျွန်တော်တို့ကို ဖြေကြားရန်အသင့်မဖြစ်သေးဘူးလို့ ပြောထားရင်လည်း ကျွန်တော်တို့ ဒီမေးခွန်း ပေါ်မှာမဟုတ်ပါဘူး။ ဖြေကြားရန်အသင့်ဖြစ်ပြီလို့ပြောလို့ ကျွန်တော်တို့က ဒီမေးခွန်းကို ဖော်ရတာပါ။ ဒါကြောင့်မို့လို့ ဖြေကြားရန်အသင့်ဖြစ်တယ်ဆိုရင် လာဖြေတဲ့အခါမှာ ထိရောက်မှုရှိအောင်၊ သက်ရောက်မှုရှိအောင် ပြည်နယ်/တိုင်းတွေပို့တဲ့ အချက်လက်တွေပေါ်မှာ နောက်ဆုံး ပြည်ထောင်စု အစိုးရကိုပို့ဖို့လိုရင်လည်း ပြည်ထောင်စုအစိုးရကနေပို့။ ကိုယ့်ဟာကိုပို့ရမှာ။ လွှတ်တော်ကပို့ရမှာ မဟုတ်ဘူး။ ကိုယ့်ဟာကိုပို့ပြီးတော့ အဲဒီကနေဖြေကြားတဲ့ သဘောထားကိုရပြီးမှ ကျွန်တော်တို့ ကို ဖြေဖို့ကောင်းတယ်။ လွှတ်တော်ကို ဒီလိုသာဖြေမယ်ဆိုရင် ကျွန်တော်တို့ ဗန်းစကားပြောသလို ဆိုရင် မေးခွန်းနဲ့အဖြေတွေက တိုင်ပတ်နေလိမ့်မယ်။ ကျွန်တော်တို့ တိုင်ပတ်တဲ့ မေးခွန်းနဲ့ အဖြေမျိုးတော့ ကျွန်တော်တို့လွှတ်တော်မှာ ကျွန်တော်တို့ အနေနဲ့ မလိုလားပါဘူး။ ဒါပွင့်ပွင့်လင်းလင်း ပြောပါမယ်။ တိကျတဲ့အဖြေမျိုး လိုချင်တယ်။ မဖြေနိုင်လည်း ဘာကြောင့်မဖြေပေးနိုင်လဲ။ အကျိုးနဲ့ အကြောင်းနဲ့။ ကိုယ့်တိုင်းနဲ့ကိုယ့်ပြည်နယ်နဲ့။ ဘယ်လိုအခြေအနေတွေရှိလဲ။ ပယ်ဖျက်ပေးတဲ့ ပြည်နယ်/တိုင်းတွေက ဘာကြောင့်ပယ်ဖျက်ပေးနိုင်လဲ။ ဘယ်လိုအခြေအနေတွေရှိလဲ။ ဒါမှမဟုတ်လို့ ရှိရင်လဲ ပြည်ထောင်စု အစိုးရ သဘောထားက ဘယ်လိုရှိလဲ။ အခုက ပြည်နယ်/တိုင်းကိုယ်စား ဖြေတာမှန်တယ်။

ပြည်နယ်/တိုင်း ကိုယ်စားဖြေရမယ့်တာဝန်ရှိလို့လည်းလာဖြေရတာ။ အဲဒီတော့ တာဝန်ရှိလို့လာဖြေမယ်ဆိုလို့ရှိရင် ကိုယ့်ရဲ့အဖြေကိုတော့ ပြည့်ပြည့်စုံစုံလေး လွှတ်တော်မှာ လူကြားကောင်းအောင်ဖြေစေချင်တယ်။ အဲဒါလေးတော့ ကျွန်တော်တို့ လာရောက်ဖြေကြားတဲ့ အဖွဲ့အစည်းတွေနဲ့ အထူးအလေးနက်ထားစေလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများဖြေကြားပြီးတဲ့ နေပြည်တော်ကောင်စီဝင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**မကွေးတိုင်းဒေသကြီး မြန်မာ့စီးပွားရေးဘဏ်၊ သရက်ခရိုင်ဘဏ်ခွဲအဆောက်အဦသည် နှစ်ကာလကြာမြင့်ပြီး ဟောင်းနွမ်းဆွေးမြည့်ခြင်း၊ အန္တရာယ်ရှိခြင်း၊ လုပ်ငန်းပမာဏနှင့် အဆောက်အဦအရွယ်အစားမျှတမှုမရှိသည့်အတွက် အဆောက်အဦအသစ် တည်ဆောက်ခွင့်ပြုပါရန်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သရက်မဲဆန္ဒနယ်မှ ဦးကံမြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကံမြင့်(သရက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါ။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ သရက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကံမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ သက်ဆိုင်ရာသို့ မေးမြန်းလိုတာကတော့ သရက်ခရိုင်၊ သရက်မြို့ မြန်မာ့စီးပွားရေးဘဏ်ခွဲဟာ ဟောင်းနွမ်းဆွေးမြည့်ခြင်း၊ အန္တရာယ်ရှိခြင်း၊ လုပ်ငန်းပမာဏ လူဦးရေနဲ့နေရာအကျယ်အဝန်း မျှတမှုမရှိသည့်အတွက် ဘဏ်ခွဲအဆောက်အဦသစ်တစ်ခု တည်ဆောက်ခွင့်ပြုပါရန် အစီအစဉ်ရှိ/မရှိ သက်ဆိုင်ရာအား မေးမြန်းလိုခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point တင်ပြခွင့်ပြုပါ။ မြန်မာ့စီးပွားရေးဘဏ်၊ သရက်ခရိုင်ဘဏ်ခွဲဟာ မကွေးတိုင်းဒေသကြီးအတွင်းရှိ ဧရာဝတီမြစ်အနောက်ဘက်ခြမ်းတွင်တည်ရှိပြီး သရက်မြို့ဈေးရပ်ကွက် ကုန်သည်လမ်း၌ ၁၉၇၄ ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့ပါတယ်။ ခရိုင်ဘဏ်ခွဲဖြစ်သည့်အလျောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကိုယ်စား လက်အောက်ခံမြို့နယ်ဘဏ်ခွဲ၄ခု၏ ငွေကြေးကိုယ်စားလှယ်ဘဏ်ခွဲအဖြစ်လည်းကောင်း၊ လစဉ်မြို့နယ်ဘဏ်ခွဲ၄ခု၏ ငွေကြေးနှင့်စာရင်းများမှန်ကန်မှုကိုလည်းကောင်း ထိန်းကျောင်းဆောင်ရွက်ရပါတယ်။ သရက်ခရိုင်ဘဏ်ခွဲတွင် အစိုးရဌာနများရဲ့ ငွေစာရင်းများ၊ ပြည်သူလူထုတို့၏ အပ်နှံငွေများ၊ စုဆောင်းငွေများ၊ နိုင်ငံတော်၏စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် ပြည်သူများသို့ ပုဂ္ဂလိကချေးငွေထုတ်ချေးခြင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှတစ်ဆင့် စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးခြင်း၊ ဒေသတွင်းဘဏ္ဍာငွေလိုအပ်ချက်များကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဘဏ္ဍာငွေများသယ်ယူပို့ဆောင်ဖြည့်တင်းခြင်းလုပ်ငန်းများ၊ ပြည်တွင်းငွေလွှဲလုပ်ငန်းများ၊ အငြိမ်းစားဝန်ထမ်း ၁၆၆၇ ဦးသို့ လစဉ်ပင်စင်လစာထုတ်ပေးခြင်းလုပ်ငန်းများကို ဝန်ဆောင်မှုပေးလျက်ရှိပြီး ဘဏ်ခွဲအချင်းချင်း လုပ်ငန်းဆောင်ရွက်မှုလျင်မြန်စေရန်နှင့်ပြည်သူလူထုအား ဝန်ဆောင်မှုလျင်မြန်စွာပေးနိုင်ရန်အတွက် ဘဏ်ခွဲမှာ ADSL လိုင်းတပ်ဆင်ခြင်း၊ Fax သုံးလုံး၊ ကွန်ပျူတာကိုးလုံးတို့ကို တပ်ဆင်ထားရှိပါတယ်။ သရက်ခရိုင်ဘဏ်ခွဲဟာ ဘဏ်ပိုင်အဆောက်အဦဖြစ်ပြီး ဧရိယာအကျယ်အဝန်းမှာ (အလျားပေ ၄၀ x အနံပေ ၄၉ ပေ) ဧကအားဖြင့် ၀.၀၄၆ ဧကကျယ်ဝန်းပြီး(အလျားပေ ၄၀ x အနံပေ ၄၀)နှစ်ထပ်အဆောက်အဦကို ၁၉၆၁ ခုနှစ်မှာ

ဆောက်လုပ်ခဲ့ရာ သက်တမ်း ၅၆ နှစ်ရှိပြီးဖြစ်သည့်အပြင် လူနေအဆောက်အဦကို ဝယ်ယူ အသုံးပြုသည့်အတွက် အစိုးရဌာနရုံးပုံစံမဟုတ်သည့်အပြင် လုပ်ငန်းဆောင်ရွက်ရာ၌ နေရာအလွန်ကျဉ်းမြောင်းလျက်ရှိပါသဖြင့် နိုင်ငံပိုင်ဘဏ်တစ်ခုဖြစ်သော်လည်း ခေတ်နှင့်လျော်ညီမှုမရှိခြင်း၊ ခရိုင်ဘဏ်အင်္ဂါရပ်နှင့်မညီညွတ်ခြင်း၊ ဘဏ်နှင့်ဆက်သွယ်သော မိဘပြည်သူ Customer များ၊ ပင်စင်စားကြီးများ ဘဏ်သို့လာရောက်စဉ် နားနေရန်အတွက် များစွာအခက်အခဲရှိနေခြင်းတို့ကြောင့် ဘဏ်အဆောက်အဦသစ်တစ်ခု ဆောက်လုပ်ပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုပါ၍ မဲဆန္ဒရှင်ပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမောင်မောင်ဝင်း(ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါဟု ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ သရက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကံမြင့်ရဲ့ မကွေးတိုင်းဒေသကြီး၊ မြန်မာ့စီးပွားရေးဘဏ်၊ သရက်ခရိုင်ဘဏ်ခွဲအဆောက်အဦဟာ နှစ်ကာလကြာမြင့်ပြီး ဟောင်းနွမ်းဆွေးမြည့်ခြင်း၊ အန္တရာယ်ရှိခြင်း၊ လုပ်ငန်းပမာဏနဲ့ အဆောက်အဦအရွယ်အစား မျှတမှုမရှိသည့်အတွက် အဆောက်အဦအသစ် တည်ဆောက်ခွင့်ပြုပါရန် မေးခွန်းနှင့်စပ်လျဉ်းပြီး ပြန်လည်ရှင်းလင်းဖြေကြားမှာ ဖြစ်ပါတယ်။

မြန်မာ့စီးပွားရေးဘဏ်အနေနဲ့ ရုံးချုပ်ဌာနကြီး ခြောက်ခုအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်ရုံးပေါင်း ၁၄ ခု၊ ခရိုင်အဆင့်ကွပ်ကဲဘဏ်ခွဲ ၇၆ ခု၊ မြို့နယ်အဆင့်ဘဏ်ခွဲ ၂၁၅ ခု၊ ဘဏ်ငွေ တိုက်ခွဲအဆင့် ၁၈ ခု၊ ငွေစုဘဏ်ရုံးခွဲ တစ်ခုနဲ့ ကိုယ်စားလှယ်ရုံးခွဲငါးခု စုစုပေါင်းဘဏ်ခွဲ ပေါင်း ၃၃၅ ခု ဖွင့်လှစ်ပြီးတော့ ပြည်သူများကို ဘဏ်ဝန်ဆောင်မှုပေးလျက်ရှိပါတယ်။ မြန်မာ့စီးပွားရေးဘဏ်ရဲ့ သရက်ခရိုင်ဘဏ်ခွဲအဆောက်အဦနဲ့ပတ်သက်ပြီး ၂-၄-၁၉၆၂ ရက်နေ့ နိုင်ငံတော်ကူးသန်းရောင်းဝယ်ရေးဘဏ်လက်ထက်ကစပြီးတော့ လူနေအိမ်အဆောက်အဦကို ဘဏ်ခွဲအဆောက်အဦအဖြစ်နဲ့ ငှားရမ်းအသုံးပြုခဲ့ခြင်း ဖြစ်ပါတယ်။ ၅-၃-၂၀၀၁ ခုနှစ်မှာ မြန်မာ့စီးပွားရေးဘဏ်က အပြီးအပိုင် ဝယ်ယူခဲ့ပါတယ်။ ယခုအခါမှာ သက်တမ်းအားဖြင့် ၅၆ နှစ်ကျော်ရှိလာပြီဖြစ်ပြီးတော့ မြေဧရိယာ (အလျား ၄၀ ပေ x အနံ ၄၉ ပေ) ၀.၀၄၆ ဧကအကျယ်မှာ အဆောက်အဦ (အလျား ၄၀ ပေ x အနံ ၄၀ ပေ) နှစ်ထပ် RC အဆောက်အဦဖြစ်ပါတယ်။ သက်တမ်းကြာမြင့်လာပြီဖြစ်တဲ့အတွက်ကြောင့် လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့အတိုင်းပဲ ကျွန်တော်တို့ အဆောက်အဦအသစ်ဆောက်လုပ်ဖို့ လိုအပ်လာပြီ ဖြစ်ပါတယ်။

အဆိုပါဘဏ်ခွဲအဆောက်အဦမှာ ဘဏ်ခွဲအချင်းချင်းလုပ်ငန်းဆောင်ရွက်မှု မြန်ဆန်စေရန်နှင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများဖြစ်တဲ့ ငွေလွှဲလုပ်ငန်း၊ ငွေစုဘဏ်လုပ်ငန်းများအပြင် နိုင်ငံ့ဝန်ထမ်း အငြိမ်းစား ၁၆၆၇ ဦးကိုလည်း လစဉ်ပင်စင်လစာများထုတ်ပေးခြင်းကို ဆောင်ရွက်လျက်ရှိပါတယ်။ ဘဏ်သို့လာရောက်တဲ့ Customer တွေ နေရာကျဉ်းကြပ်မှုမရှိစေဖို့နဲ့ ဘဏ်ရဲ့ဥပဓိရုပ်ကောင်းမွန် စေဖို့အတွက် အကြီးစားပြင်ဆင်မှု ဆောင်ရွက်နိုင်ရန် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်များမှာ ရန်ပုံငွေ ၄၅ သန်းထည့်သွင်းတောင်းခံရန် လျာထားခဲ့ပါတယ်။ ရန်ပုံငွေ မူဘောင်သတ်မှတ်ချက်အရ ဘတ်ဂျက်တောင်းခံရရှိခြင်း မရှိခဲ့တဲ့အတွက်ကြောင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ အဆောက်အဦအကြီးစားပြင်ဆင်ရန်အတွက် ငွေလုံးငွေရင်းရန်ပုံငွေ ကျပ် ၄၅ သန်း ထပ်မံလျာထားတောင်းခံခဲ့ပါတယ်။ အဲဒီမှာ လွှတ်တော်ရဲ့စိစစ်ချက်အရ ကျပ် ၂၁.၆ သန်းရရှိခဲ့တဲ့ အခါမှာ အဆိုပါရရှိတဲ့ရန်ပုံငွေနဲ့ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကို လုပ်ငန်းအပ်နှံဆောင်ရွက် ခဲ့သော်လည်းပဲ အဆောက်အဦအခြေအနေအရ အကြီးစားပြင်ဆင်ရမယ့် လုပ်ငန်းပမာဏများပြားခြင်း နဲ့ ဘတ်ဂျက်ခွင့်ပြုငွေအားဖြင့် လုံလောက်မှုမရှိခြင်းတို့ကြောင့် တင်ဒါတင်သွင်းသူမရှိခဲ့တဲ့အတွက် ကြောင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ကနေ လုပ်ငန်းပြန်လည်အပ်နှံလာခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ မြန်မာ့စီးပွားရေးဘဏ်၊ သရက်ခရိုင်ဘဏ်ခွဲ မူလအဆောက်အဦဟောင်းကို ဖျက်သိမ်း ပြီးတော့ လာမယ့် ၂၀၁၈ ခုနှစ် အောက်တိုဘာလမှာ စတင်မယ့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ခရိုင် ဘဏ်ခွဲအဆင့်နှင့်လျော်ညီတဲ့ ဘဏ်ခွဲအဆောက်အဦသစ်ကို ဆောက်လုပ်နိုင်ဖို့အတွက် ငွေလုံးငွေရင်း ရန်ပုံငွေထည့်သွင်းတောင်းခံရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါ တယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဝန်ထမ်းများ ဌာနတွင်းသင်တန်းများနှင့် အခြားသင်တန်းများကို ညအိပ်ညနေသင်တန်း တက်ရောက် ရာတွင် ခရီးစရိတ်ဥပဒေပါ နေ့တွက်စရိတ်ကို ခံစားခွင့်မရှိဘဲ တည်ဆဲသင်တန်းစားစရိတ်နှုန်းထားအရ တစ်ရက် ကျပ်(၅၀၀)နှုန်းသာ ခံစားခွင့်ရှိသဖြင့် သင်တန်းစားသောက်စရိတ်အား လက်ရှိကုန်ဈေးနှုန်းနှင့် မျှတသည့်နှုန်းသို့ တိုးမြှင့်ခံစားခွင့်ပြုနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်ချို(လှိုင်းဘွဲ့မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များ အားလုံးပဲ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မဲဆန္ဒနယ်က လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းနဲ့ပတ်သက်လို့ ယခင် ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ ၈-၁၁-၂၀၁၃ ရက်စွဲပါစာအမှတ်၊ ဘခ-၁/၃၁၀(၆၀၂၆/၂၀၁၃)အရ ၁-၁- ၂၀၁၄ ရက်နေ့ကစပြီးတော့ ဌာန၊ အဖွဲ့အစည်းများကပြုလုပ်တဲ့သင်တန်းများကို ညအိပ်ညနေ တက်ရောက်တဲ့အခါမှာ ခရီးစရိတ်ဥပဒေပါ နေ့တွက်နှုန်း လက်ရှိ ကျပ် ၃၀၀၀ ကိုခံစားခွင့်မရှိဘဲ နဲ့ သတ်မှတ်သင်တန်းစားစရိတ်နှုန်းထား တစ်ရက် ကျပ် ၅၀၀ နှုန်းသာ ခံစားခွင့်ရှိတဲ့အတွက်ကြောင့် ဝန်ထမ်းတွေအနေနဲ့ လနဲ့ချီပြီးကြာမြင့်တဲ့သင်တန်းတွေ တက်ရောက်တဲ့အခါမှာ လက်ရှိကုန်ဈေးနှုန်း

ကိုကာမိစေတဲ့နှုန်းထားမဟုတ်တဲ့အတွက် အိတ်စိုက်သုံးစွဲနေရတဲ့အခါမှာ ဝန်ထမ်းတွေအခက်အခဲများစွာဖြစ်ပေါ်ကြောင်း သိရပါတယ်။ ဝန်ထမ်းတွေအနေနဲ့ ဒီလိုညအိပ်ညနေသင်တန်းတွေတက်ရောက်တဲ့အခါမှာ သင်တန်းကာလဘယ်လောက်ကြာမလဲဆိုတဲ့အခြေအနေပေါ်မူတည်ပြီးတော့ရတဲ့လစာတွေထဲက ငွေကိုကြိုတင်စုဆောင်းကြရပါတယ်။ မိသားစုရှိတဲ့သူတွေကျတော့ မိသားစုစားစရိတ်တွေနဲ့ မလုံမလောက်ဖြစ်နေတဲ့အခါ ချေးငွေတွေချေးပြီးတော့၊ စုဆောင်းပြီးတော့ သင်တန်းကိုပြီးဆုံးတဲ့အခါမှ ချေးငွေတွေပြန်ဆပ်နိုင်ဖို့၊ ပြန်လည်စုဆောင်းဖို့ကြိုးစားကြရပါတယ်။ အချို့ကျတော့ဘယ်လိုမှအဆင်မပြေနိုင်တဲ့အခါမှာ မလုပ်သင့်မလုပ်ထိုက်တဲ့ အလွဲသုံးစားမှု၊ မသမာမှု၊ စာရင်းဖျောက်ဖျက်မှု၊ အဂတိလိုက်စားမှုစတဲ့မကောင်းတဲ့လုပ်ရပ်တွေနဲ ကြုံသလိုဖြေရှင်းကြရလို့ ဒုက္ခတွေနဲ့ကြုံရတတ်တာတွေလည်း တွေ့ရ ကြားရပါတယ်။

မိသားစုအထိုက်အလျောက်အဆင်ပြေသူအတွက် လစာကိုအသားတင်စုဆောင်းနိုင်ကြပေမဲ့လစာကိုသာမှီခိုစားရတဲ့မိသားစုတွေကြတော့ ညအိပ်ညနေသင်တန်းကာလ ကြာလာတာနဲ့အမျှအကြွေးပတ်လည်ဝိုင်းတဲ့ဒဏ်တွေခံကြရပါတယ်။ အဆင်မပြေသူတွေအနေနဲ့ ဒီလိုသင်တန်းတွေမတက်ချင်ကြပေမဲ့ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းနဲ့အညီ လိုက်နာရမယ့်တာဝန်ရှိနေတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကြုံသလိုအခက်အခဲကို ကြုံသလိုကျပမ်းဖြေရှင်းနေကြတာတွေကို အထိုက်အလျောက်သက်သာစေလိုတဲ့အတွက် ဒီမေးခွန်းကိုမေးရတာဖြစ်ပါတယ်။

သို့ပါ၍ လက်ရှိကုန်ဈေးနှုန်းနဲ့ ကာမိစေမယ့်သင်တန်းစားစရိတ်နဲ့နှုန်းထားသစ်တစ်ခုကိုတိုးမြှင့်ပြင်ဆင်သတ်မှတ်ပေးနိုင်ရန် လိုအပ်မယ်လို့ယူဆတဲ့အတွက်ကြောင့် ဝန်ထမ်းတွေညအိပ်ညနေသင်တန်းများ တက်ရောက်တဲ့အခါမှာ လက်ရှိသင်တန်းစားသောက်စရိတ် ကျပ် ၅၀၀ အစား လက်ရှိကုန်ဈေးနှုန်းနဲ့ကာမိစေနိုင်မယ့် နှုန်းထားသစ်တစ်ခုကို တိုးမြှင့်ခွင့်ပြုခံစားခွင့်ပြုနိုင်ရန် အစီအစဉ်ရှိ/မရှိနဲ့ မရှိလျှင် အကြောင်းအရင်းဖြေကြားပေးပါရန်နှင့် အစီအစဉ်ရှိမယ်ဆိုရင် တိုးမြှင့်ခွင့်ပြုပေးမယ့်နှုန်းထားအသစ်နဲ့ မည်သည့်ကာလမှစ၍ ခံစားခွင့်ပြုနိုင်မည်ဖြစ်ကြောင်း ဖြေကြားပေးနိုင်ရေးပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမောင်မောင်ဝင်း(ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ဖြစ်ပါတယ်။

ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို့ရဲ့ယခင်ဘဏ္ဍာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့တဲ့စာအရ ဝန်ထမ်းများ ဌာနတွင်းသင်တန်းများနှင့်အခြားသင်တန်းများကို ညအိပ်ညနေသင်တန်းတက်ရောက်ရာတွင် ခရီးစရိတ်ဥပဒေပါ နေ့တွက်စရိတ်ကိုခံစားခွင့်မရှိဘဲ တည်ဆဲသင်တန်းစားစရိတ်နှုန်းထားအရ တစ်ရက်ကို ကျပ် ၅၀၀ နှုန်းသာခံစားခွင့်

ရှိသဖြင့် သင်တန်းကာလကြာမြင့်လာသည်နှင့်အမျှ စားစရိတ်များဟာ လက်ရှိကုန်ဈေးနှုန်းနှင့် ရရှိသည့်စားသောက်စရိတ်မျှတမှုမရှိ၍ အခက်အခဲများစွာ ဖြစ်ပေါ်နေကြောင်း၊ လက်ရှိ သင်တန်း စားသောက်စရိတ်ကို လက်ရှိကုန်ဈေးနှုန်းနှင့်မျှတသည့်နှုန်းသို့ တိုးမြှင့်ခံစားခွင့်ပြုနိုင်ခြင်း ရှိ/မရှိနှင့် မရှိလျှင် အကြောင်းအရင်းရှင်းလင်းချပြပေးပါရန်နှင့် တိုးမြှင့်ပေးရန်အစီအစဉ်ရှိပါက တိုးမြှင့်ပေးမည့် နှုန်းထားနှင့် ခံစားခွင့်ပြုနိုင်မည့်ကာလ ဖြေကြားပေးနိုင်ပါရန်မေးခွန်းအား ပြန်လည်ရှင်းလင်းဖြေကြား မှာဖြစ်ပါတယ်။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနရဲ့ ၈-၆-၁၉၈၉ ရက်စွဲပါ စာအမှတ်၊ ဘ-၂(၁)/၃၅/၁၆၈(၈၉)အရ ဌာန၊ အဖွဲ့အစည်းများမှာ ကြီးမှူးဖွင့်လှစ်တဲ့ ညဥ့်အိပ် ညဥ့်နေသင်တန်းများကို တက်ရောက်ကြတဲ့ ဝန်ထမ်းများအတွက် သင်တန်းသားစားသောက်စရိတ်ကို ၁-၆-၁၉၈၉ ရက်နေ့ကစပြီးတော့ တစ်ဦးလျှင် တစ်နေ့ ရှစ်ကျပ်နှုန်းဖြင့် ခံစားခွင့်ပြုခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်ကိုရောက်တဲ့အခါမှာ ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ ၈-၁၁-၂၀၁၃ ရက်စွဲပါစာအမှတ်၊ ဘခ-၁/၃၁၀(၆၀၂၆/၂၀၁၃)ဖြင့် ၁-၁-၂၀၁၄ ရက်နေ့ကစပြီးတော့ တစ်ဦးလျှင်တစ်နေ့ကျပ် ၅၀၀ နှုန်းသို့ တိုးမြှင့်သတ်မှတ်ပေးခဲ့ပါတယ်။

နိုင်ငံတော်အနေနဲ့ သင်တန်းစားသောက်စရိတ်အတွက် နှုန်းထားသတ်မှတ်ပေးရာမှာ ခရီးသွား နေ့တွက်စရိတ်နှင့်နှိုင်းယှဉ်ချိန်ထိုးပြီးတော့မှ တစ်ဖက်ကလည်းနိုင်ငံတော်ရဲ့ ဘဏ္ဍာရန်ပုံငွေသုံးစွဲနိုင်မှု အခြေအနေကိုချင့်ချိန်ပြီးတော့ သင့်လျော်တဲ့နှုန်းထားကို သတ်မှတ်ပေးရခြင်းဖြစ်ပါတယ်။ ၁၉၈၉ ခုနှစ်မှာ ခရီးသွားနေ့တွက်စရိတ်နှုန်းထားဟာ တစ်နေ့ကို ၁၅ ကျပ်ဖြစ်ပါတယ်။ အဲဒီအချိန်တုန်းက သင်တန်းသားစားသောက်စရိတ်နှုန်းထားက တစ်နေ့ ရှစ်ကျပ်သတ်မှတ်ခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်မှာ နေ့တွက်စရိတ်နှုန်းထား တစ်နေ့ကို ၁၇၀၀ ကျပ်သို့ တိုးမြှင့်သတ်မှတ်ပေးခဲ့တဲ့အချိန်မှာ သင်တန်း စားသောက်စရိတ်နှုန်းထားကို တစ်နေ့ကို ၅၀၀ ကျပ်သို့တိုးမြှင့်သတ်မှတ်ပေးခဲ့ခြင်းပါတယ်။ လက်ရှိ အချိန်မှာတော့ ခရီးသွားနေ့တွက်စရိတ်နှုန်းထားဟာ တစ်နေ့ကို ကျပ် ၃၀၀၀ သတ်မှတ်ပေးထားပြီး ဖြစ်ပါတယ်။

အစိုးရဌာန၊ အဖွဲ့အစည်းအသီးသီးမှာ ဖွင့်လှစ်ပို့ချလျက်ရှိတဲ့ သင်တန်းပေါင်းများစွာရှိတဲ့ အတွက်ကြောင့် မိမိရုံးစိုက်ရာဒေသကနေပြီးတော့ အခြားဒေသတစ်ခုကို ညဥ့်အိပ်ညဥ့်နေသင်တန်း လာရောက်တက်ရောက်ရတဲ့ သင်တန်းသားများအတွက် သင်တန်းစားသောက်စရိတ်ကို ခေတ်ကာလ နှင့်လျော်ညီစေအောင် တိုးမြှင့်ပေးနိုင်ရန် စဉ်းစားသင့်ပါတယ်။ ဌာနအားလုံးအတွက်လည်း တစ်ပြေးညီဖြစ်စေရန် ဆောင်ရွက်ပေးသင့်ပါကြောင်း သုံးသပ်ရရှိပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ ဌာန၊ အဖွဲ့အစည်းများက ကြီးမှူးဖွင့်လှစ်တဲ့ ညဥ့်အိပ်ညဥ့်နေသင်တန်းများသို့ တက်ရောက်ရတဲ့ဝန်ထမ်းများအတွက် သင်တန်း စားသောက်စရိတ်ကို လက်ရှိကုန်ဈေးနှုန်းနှင့် မျှတသည့်နှုန်းသို့ တိုးမြှင့်ပေးနိုင်ရန် ခရီးသွားနေ့တွက် စရိတ်နှင့်နှိုင်းယှဉ်ချိန်ထိုးပြီးတော့ နိုင်ငံတော်ရဲ့ဘဏ္ဍာရန်ပုံငွေ အခြေအနေပေးမှုပေါ်မှာမူတည်ပြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနကသုံးသပ်၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများရဲ့သဘောထား

များပါ စုစည်းရယူပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့ကို အဆိုပြုတင်ပြနိုင်ရန် စီစဉ်ဆောင်ရွက်မည်ဖြစ်ပါကြောင်းနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ဆုံးဖြတ်ချက်နှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**JICA (Two Step Loan) ဖြင့် လယ်ယာလုပ်ငန်းကဏ္ဍ (Farming) နှင့် လယ်ယာကဏ္ဍကို အခြေခံသော စီးပွားရေးလုပ်ငန်းကဏ္ဍ (Agri-business) များအတွက် ချေးငွေထုတ်ချေးရာတွင် လုပ်ကွက်ငယ်တောင်သူလယ်သမားများအတွက် အကျိုးသက်ရောက်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသိန်းထွန်း(ကျောင်းကုန်းမဲဆန္ဒနယ်)**။ ။ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း ဖြစ်ပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ JICA Two Step Loan နှင့် လယ်ယာလုပ်ငန်းကဏ္ဍ(Farming)နဲ့ လယ်ယာကဏ္ဍကိုအခြေခံသော စီးပွားရေးလုပ်ငန်းကဏ္ဍ(Agri-business) များအတွက် ချေးငွေထုတ်ချေးတဲ့နေရာမှာ လုပ်ကွက်ငယ်တောင်သူလယ်သမားများအတွက် အကျိုးသက်ရောက်မှုရှိ/မရှိ သိရှိလိုကြောင်း မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ဟာ စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးမှုစီမံကိန်း နှစ်ဆင့်ချေးငွေ Agricultural and Rural JICA Two Step Loan (ARTSL) နှင့်စပ်လျဉ်းပြီးတော့ လယ်ယာကဏ္ဍ(Farming)နှင့် လယ်ယာကဏ္ဍကိုအခြေခံသော စီးပွားရေးကဏ္ဍ (Agri-business) လုပ်ငန်းဆောင်ရွက်သည့်တောင်သူများသို့ နှစ်တိုနှစ်ရှည်ချေးငွေများကို JICA Two Step Loan ချေးငွေဖြင့် ထုတ်ချေးမည်ဟု သိရှိရပါတယ်။ Two Step Loan ဖြင့် နှစ်တိုနှစ်ရှည်ချေးငွေများကို တစ်ဧကမှ ၅၀ ဧကအထိ လုပ်ကိုင်သောတောင်သူများသို့ တစ်ဦးချင်းအနေဖြင့်လည်းကောင်း၊ လယ်သမားအစုအဖွဲ့အနေဖြင့်လည်းကောင်း ထုတ်ချေးမည်ဟု သိရှိရပါတယ်။ ချေးငွေစည်းကမ်းချက်များအနေနဲ့ အမှတ်စဉ်(က)မှ (ဍ)အထိ (၁၃)ချက်ပါဝင်ပြီး ချေးငွေယူခွင့်မပြုသူများကိုလည်း အချက်ခုနစ်ချက်နဲ့ ကန့်သတ်ထားတာ တွေ့ရှိရပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်သူတစ်ဦးချင်းမှ ချေးငွေအတွက် အာမခံတင်သွင်းရာမှာ (က) ချေးငွေ၏ ၃၀ ရာခိုင်နှုန်းကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ရဲ့ သက်ဆိုင်ရာမြို့နယ်ဘဏ်ခွဲတွင် စုဆောင်းရန်၊ (ခ) လယ်ယာမြေလုပ်ကိုင်ခွင့်လက်မှတ် ပုံစံ(၇) မူရင်းနှင့် သက်သေခံမြေပုံ (၁၀၅) မူရင်းကို ဘဏ်တွင်အပေါင်ထားရှိရန်၊ (ဂ) ဘဏ်ချေးငွေဖြင့်ဝယ်ယူထားသော လယ်ယာသုံးစက်ကိရိယာများ၊ လယ်ယာကိုအခြေခံသော စီးပွားရေးလုပ်ငန်းများတွင် အသုံးပြုသည့်စက်များနှင့်ယာဉ်များ၊ ဘဏ်ချေးငွေဖြင့် တည်ဆောက်ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ တိုးချဲ့ခြင်းပြုလုပ်တဲ့ Agri-business လုပ်ငန်းဖြစ်သည့် စက်ရုံများ၊ ဂိုဒေါင်နှင့် သိုလှောင်ရုံများ စသည်တို့ကို ချေးငွေမကျေမချင်းဘဏ်သို့ အာမခံတင်သွင်းရန်၊ (ဃ) ချေးငွေအတွက် အထက်ဖော်ပြပါ(က)၊ (ခ)၊ (ဂ)တို့အရ တင်သွင်းသောအပေါင်ပစ္စည်းဖြင့် မလုံလောက်ဘူးဆိုလို့ရှိရင် ချေးငွေယူသူရဲ့ ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို ဘဏ်သို့အာမခံတင်သွင်းရန်၊ လိုအပ်ပါက မရွှေ့ပြောင်းနိုင်သော

ပစ္စည်းများအတွက် မီးအာမခံထားရှိရန်၊ (င) ချေးငွေအတွက် အာမခံပေးမည့်သူနှစ်ဦးလိုအပ်မည် ဖြစ်ပြီးတော့ အဆိုပါအာမခံတဲ့၊ တင်သွင်းတဲ့သူနှစ်ဦးကလည်း ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို ခိုင်လုံမှုပုံစံ ပိုင်ဆိုင်မှုရှိစေရန်၊ အကယ်၍ ချေးငွေအတွက် အာမခံတဲ့ မိုးလေဝသအာမခံအမျိုးအစားများကို အာမခံထားရှိပါက အပေါင်ပစ္စည်းလိုအပ်မှုကို လျှော့ပေါ့စဉ်းစားမည်ဖြစ်ကြောင်းကိုလည်း ညွှန်ကြားချက်ထဲမှာ တွေ့ရှိရပါတယ်။

ချေးငွေနဲ့ပတ်သက်ပြီးတော့ တောင်သူလယ်သမားတစ်ဦးချင်းအတွက် အများဆုံးချေးငွေပမာဏမှာ ကျပ်သိန်း ၅၀၊ လယ်သမားအစုအဖွဲ့အတွက် အများဆုံးချေးငွေပမာဏမှာ ကျပ်သိန်း ၅၀၀ ဖြစ်ပြီး တောင်သူ၏အမှန်လိုအပ်ချက်၊ ပြန်လည်ပေးဆပ်နိုင်စွမ်း၊ ချေးငွေစည်းကမ်းချက်များနှင့်အညီ စိစစ်ပြီး ငွေပမာဏကိုထုတ်ချေးမည်ဖြစ်ကြောင်း သိရှိရပါတယ်။ ချေးငွေသက်တမ်းမှာ နှစ်တိုချေးငွေ လေးနှစ်၊ နှစ်ရှည်ချေးငွေ ငါးနှစ်ဖြစ်ပြီး နှစ်ချင်းပထမအရစ်၊ ဒုတိယအရစ် စသဖြင့် ပြန်လည်ပေးဆပ်ရမှာဖြစ်ပါတယ်။ ချေးငွေရဲ့ ၃၀ ရာခိုင်နှုန်းကို စုငွေအဖြစ်လည်းကောင်း၊ ၂၀ ရာခိုင်နှုန်းကို လုပ်ငန်းလည်ပတ်ငွေအဖြစ်လည်းကောင်း၊ ကျန်ငွေကို စက်ကိရိယာဝယ်ယူရန်အတွက်လည်းကောင်း သတ်မှတ်ထားတာ တွေ့ရှိရတဲ့အတွက် လုပ်ကွက်ငယ်တောင်သူလယ်သမားများအတွက် ငွေထုတ်ချေးရန် အခက်အခဲများရှိလာနိုင်သလို မဝံ့မရဲဖြစ်လာနိုင်ပါတယ်။ JICA မှ စတင်ထုတ်ချေးငွေမှာ အတိုး ၀.၀၁ ရာခိုင်နှုန်းဖြစ်သော်လည်း တောင်သူများသို့ထုတ်ချေးသည့် ချေးငွေအတိုးမှာ ရှစ်ရာခိုင်နှုန်းယူတဲ့အတွက် အတိုးပေးရန် မြင့်မားလျက်ရှိပါတယ်။ ချေးငွေရဲ့စနစ်မှာ လယ်ယာသုံးစက်ကိရိယာများကို ဝယ်ယူသုံးစွဲရန် အဓိကထားဆောင်ရွက်သည်ကို တွေ့ရှိရပါတယ်။ ယင်းချေးငွေစနစ်မှာ တောင်သူလယ်သမားကြီးများနှင့် စိုက်ပျိုးရေးလုပ်ငန်းနှင့်ဆက်စပ်သော ကုန်သည်ကြီးများသာ ပိုမိုအဆင်ပြေအကျိုးရှိနိုင်မှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အောက်ပါမေးခွန်းကို မေးမြန်းအပ်ပါတယ်။ (၁) JICA Two Step Loan ဖြင့် ချေးငွေထုတ်ချေးရာတွင် မြို့နယ်များအားလုံး ထုတ်ချေးပေးနိုင်ခြင်းရှိ/မရှိ၊ (၂) လယ်ယာမြေတစ်ဧကလျှင် ထုတ်ချေးနိုင်မည့် ခန့်မှန်းငွေပမာဏ၊ (၃) ချေးငွေအတိုးလျှော့ပေးနိုင်ခြင်း ရှိ/မရှိ၊ (၄) ထုတ်ချေးကာလမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အထိ ဖြစ်သော်လည်း ယခုအထိ ထုတ်ချေးနိုင်ခြင်းမရှိသေး၍ မည်သည့်ဘဏ္ဍာနှစ်တွင် စတင်ထုတ်ချေးမည်။ (၅) လုပ်ကွက်ငယ်တောင်သူလယ်သမားများအတွက် အကျိုးသက်ရောက်မှုရှိ/မရှိ သိရှိလိုကြောင်း တောင်သူလယ်သမားတစ်ရပ်လုံးရဲ့ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးမောင်မောင်ဝင်း(ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းရဲ့ JICA (Two Step Loan)ဖြင့် လယ်ယာလုပ်ငန်းကဏ္ဍ(Farming)နှင့် လယ်ယာကဏ္ဍကို အခြေခံသော

စီးပွားရေးလုပ်ငန်းကဏ္ဍ(Agri-business) များအတွက် ချေးငွေထုတ်ချေးရာတွင် လုပ်ကွက်ငယ် တောင်သူလယ်သမားများအတွက် အကျိုးသက်ရောက်မှုရှိ/မရှိ သိရှိလိုကြောင်း မေးခွန်းအား ပြန်လည်ရှင်းလင်းဖြေကြားမှာ ဖြစ်ပါတယ်။ JICA ချေးငွေထုတ်ချေးရာတွင် မြို့နယ်များအားလုံး ထုတ်ချေးပေးနိုင်ခြင်းရှိ/မရှိမေးခွန်းနှင့်ပတ်သက်ပြီး JICA Two Step Loan ချေးငွေကို မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ်က ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ကစပြီးတော့ တစ်နိုင်ငံလုံးအတိုင်းအတာ ဖြင့် ထုတ်ချေးလျက်ရှိပါတယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှာ မြို့နယ်ဘဏ်ခွဲပေါင်း ၂၀၈ ဘဏ်ရှိပြီးတော့ JICA Two Step Loan ချေးငွေရယူလိုတဲ့ တောင်သူလယ်သမားများအနေနဲ့ သက်ဆိုင်ရာမြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မြို့နယ်ဘဏ်ခွဲအသီးသီးမှာ အဆိုပြုတင်ပြနိုင်ပြီးတော့ ဘဏ်ကနေ အဆင့်ဆင့်စိစစ်ပြီးတော့ ချေးငွေစည်းမျဉ်းစည်းကမ်းနှင့်ညီညွတ်သူများကို ထုတ်ချေးပေး သွားမှာဖြစ်ပါတယ်။ လယ်ယာမြေတစ်ဧကလျှင် ထုတ်ချေးပေးနိုင်မည့်ခန့်မှန်းငွေပမာဏ မေးခွန်းနှင့် ပတ်သက်၍ တစ်ဧကမှ ဧက ၅၀ အထိ ပိုင်ဆိုင်တဲ့ တောင်သူလယ်သမားတစ်ဦးချင်းအတွက် အများဆုံး ကျပ်သန်း ၅၀ နှုန်း၊ တောင်သူလယ်သမားအစုအဖွဲ့များအတွက် အများဆုံး ကျပ်သန်း ၅၀၀ နှုန်းအထိ သတ်မှတ်ထားပါတယ်။ တောင်သူလယ်သမားများရဲ့ အမှန်လိုအပ်ချက်၊ ပြန်လည်ပေးဆပ် နိုင်စွမ်းအခြေအနေ၊ ချေးငွေစည်းကမ်းချက်နှင့်အညီ စိစစ်ပြီးတဲ့ငွေပမာဏများကို ချေးငွေအဖြစ်နဲ့ ထုတ်ချေးပေးမှာဖြစ်ပါတယ်။ ဒီချေးငွေဟာ စိုက်ပျိုးစရိတ်အတွက် ထုတ်ချေးတဲ့ချေးငွေမျိုးမဟုတ်ဘဲနဲ့ စက်မှုလယ်ယာစနစ်ကို ကူးပြောင်းနိုင်ဖို့အတွက် အထောက်အကူပြုနိုင်ရန် ထုတ်ချေးတဲ့ချေးငွေ အမျိုးအစားဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လယ်မြေတစ်ဧကကို ဘယ်လောက်ဆိုပြီးတော့ သတ်မှတ် ပြီးတော့ ထုတ်ချေးခြင်းထက်ကို ချေးငွေစည်းကမ်းသတ်မှတ်ချက်နှင့် ကိုက်ညီတဲ့သူများကိုသာ စိစစ် ပြီးတော့ သင့်လျော်မယ့်ပမာဏကို ထုတ်ချေးရခြင်းဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ချေးငွေအတိုးလျှော့ပေးနိုင်ခြင်းရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်းပြီး ချေးငွေအပေါ်မှာ ကောက်ခံတဲ့ အတိုးနှုန်းဟာ တစ်နှစ်ကို ရှစ်ရာခိုင်နှုန်း၊ တစ်လကို ၆၇ ပြားနှုန်းကျသင့်ပြီးတော့ သက်သာတဲ့ အတိုးနှုန်းဖြစ်ပါတယ်။ JICA ထံက အတိုးနှုန်း ၀.၀၁ ရာခိုင်နှုန်းနဲ့ရရှိသည်မှာ မှန်သော်လည်း မြန်မာနိုင်ငံမှာ စုဆောင်းငွေအပေါ်မှာပေးရတဲ့ အတိုးနှုန်းဟာ ရှစ်ရာခိုင်နှုန်းဖြစ်တဲ့အတွက်ကြောင့် ချေးငွေအပေါ်အတိုးနှုန်းကို အနည်းဆုံးရှစ်ရာခိုင်နှုန်းထားရှိမှသာ နိုင်ငံတော်ရဲ့ငွေကြေးလည်ပတ်မှု စနစ်တည်ငြိမ်မှုကို အထောက်အကူဖြစ်စေမှာ ဖြစ်ပါတယ်။ ချေးငွေအတွက် ရည်ရွယ်ချက်များဟာ လည်းပဲ ဒီအပေါ်မှာ မူတည်လျက်ရှိပါတယ်။ ခြားနားချက်အတိုးနှုန်းကို နိုင်ငံခြားငွေလဲလှယ်နှုန်း ပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာမယ့်ကုန်ကျစရိတ်နှင့် မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်တို့ရဲ့ ချေးငွေအတွက် စီမံခန့်ခွဲမှုစရိတ်များမှာ ထည့်သွင်းသုံးစွဲသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ထုတ်ချေးကာလမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်က ၂၀၂၀-၂၀၂၁ ဘဏ္ဍာ ရေးနှစ်အထိဖြစ်သော်လည်း ယခုအထိ ထုတ်ချေးနိုင်ခြင်းမရှိသေး၍ မည်သည့်အချိန်တွင် စတင် ထုတ်ချေးမည်ကို သိလိုကြောင်းမေးခွန်းနှင့်ပတ်သက်ပြီး JICA Two Step Loan ချေးငွေများကို ၂၁-၇-၂၀၁၇ ရက်နေ့မှာ စတင်ထုတ်ချေးခဲ့ပါတယ်။ ၂၁-၁၁-၂၀၁၇ ရက်နေ့အထိ နေပြည်တော်၊ ပဲခူး၊ မန္တလေး၊ စစ်ကိုင်း၊ ဧရာဝတီ စတဲ့ တိုင်းဒေသကြီးငါးခု၊ တောင်သူ ၅၃ ဦးကို ကျပ်သန်းပေါင်း

၁၈၅၉.၁၃ သန်း ထုတ်ချေးပေးပြီးဖြစ်ပါတယ်။ အဆိုပါချေးငွေထဲမှာ ဧရာဝတီတိုင်းဒေသကြီးက မြို့နယ်လေးခု၊ တောင်သူရှစ်ဦးပါဝင်ပြီးတော့ ထုတ်ချေးငွေကျပ် သန်း ၂၂၀.၇၀ ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လည်း စိစစ်ထုတ်ချေးလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

လုပ်ကွက်ငယ်တောင်သူလယ်သမားများအတွက် အကျိုးသက်ရောက်မှုရှိ/မရှိ သိလိုကြောင်း မေးခွန်းနှင့်ပတ်သက်ပြီး ယခုအခါမှာ မြန်မာနိုင်ငံရဲ့ လယ်ယာစိုက်ပျိုးရေးကဏ္ဍမှာ လယ်ယာလုပ်သား ရှားပါးမှုကြောင့် ရာသီအချိန်မီ စိုက်ပျိုး၊ ထွန်ယက်၊ ရိတ်သိမ်းခြင်းတို့အတွက် စက်မှုလယ်ယာစနစ်ကို ကူးပြောင်းဆောင်ရွက်ဖို့ လိုအပ်လျက်ရှိပါတယ်။ JICA Two Step Loan ရဲ့ ရည်ရွယ်ချက်ဟာ လက်မှုလယ်ယာကနေ စက်မှုလယ်ယာသို့ကူးပြောင်းပြီးတော့ ကုန်ထုတ်လုပ်မှုစွမ်းအား မြင့်မား တိုးတက်စေရန်နှင့် ကျေးလက်ဒေသနှင့် မြို့ပြဒေသ ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်မှုကို အထောက် အကူပြုစေရန်တို့အတွက် ဘဏ္ဍာရေးအကူအညီအဖြစ်နဲ့ ပေးအပ်ခြင်းဖြစ်ပါတယ်။ JICA Two Step Loan ချေးငွေဟာ တစ်ဇကကစပြီးတော့ ဇကများစွာလုပ်ကိုင်ပိုင်ဆိုင်နေတဲ့ တောင်သူလယ်သမား များကို ထုတ်ချေးပေးခြင်းဖြစ်တဲ့အတွက်ကြောင့် လုပ်ကွက်ငယ်တောင်သူလယ်သမားများအပါအဝင် လယ်ယာသုံးစက်ကိရိယာများ ဝယ်ယူသူ တောင်သူလယ်သမားတစ်ဦးချင်းတို့အနေနဲ့ မိမိတို့ရဲ့ လယ်မြေများကို လယ်ယာသုံးစက်ကိရိယာများဖြင့် ထွန်ယက်၊ ရိတ်သိမ်း၊ ခြွေလှေ့ခြင်းတို့သာမက သက်သာသောနှုန်းထားဖြင့် အခြားတောင်သူများသို့လည်း ငှားရမ်းပေးနိုင်ခြင်းအားဖြင့် တစ်ဦးချင်း၊ တစ်ယောက်ချင်းကလည်း အကျိုးသက်ရောက်မှုရှိနေပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါ တယ်။ ကျွန်တော်တို့အနေနဲ့ ဒီ တောင်သူလယ်သမားတစ်ဦးချင်း လုပ်ကွက်ငယ်တောင်သူများကို လည်း ချန်လှပ်ထားခြင်းမရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးသိန်းထွန်း(ကျောင်းကုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အခုလိုပဲ ကျွန်တော်တို့ ဝန်ကြီးက ရှင်းလင်းသွားတဲ့အတွက်ကြောင့် အများကြီးကျေးဇူးတင်ပါတယ်။ အဲဒီတော့ JICA ကနေပြီးတော့ ၀.၀၁ ရာခိုင်နှုန်းချေးလိုက်ပြီးတော့ MOPF ကနေပြီးတော့ ဒီထဲကမှာ ၂.၅ ရာခိုင်နှုန်း ဝန်ကြီးဌာနအတွက် သုံးတဲ့သဘောရှိပါတယ်။ ပြီးတဲ့အခါမှာ မြန်မာ့စီးပွားရေးဖွံ့ဖြိုးရေး ဘဏ်ကလည်း ၀.၀၅ ရာခိုင်နှုန်းသုံးတဲ့အခါမှာ ၀.၀၁ ရာခိုင်နှုန်းချေးလိုက်တဲ့အခါမှာ ဒီဝန်ကြီးဌာန နှစ်ခုကနေပြီးတော့ သုံးရာခိုင်နှုန်းဖြစ်သွားပါတယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ငါးရာခိုင်နှုန်း ထပ်ယူတဲ့အခါကျတော့ ရှစ်ရာခိုင်နှုန်းဖြစ်သွားပါတယ်။ အဲဒီတော့ ကျွန်တော်တို့ အခု မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်က ချေးနေတဲ့ပုံမှန်က စိုက်ပျိုးရေးဘဏ်က ချေးနေတဲ့ပုံစံကို တစ်သိန်းခွဲလောက်ပဲ ချေးနေတဲ့အတွက်ကြောင့် အတိုးလေးက ရှစ်ရာခိုင်နှုန်းက သိပ်မသိသာပါဘူးခင်ဗျား။ အခုက လယ်သမားတစ်ယောက်ကို အများဆုံးသန်း ၅၀၊ သိန်း ၅၀၀ လောက်ချေးလာပြီးဆိုရင် ရှစ်ရာခိုင်နှုန်း က တအားများပါတယ်ခင်ဗျား။ နှစ်တိုလေးနှစ်၊ နှစ်ရှည်ငါးနှစ်ဆိုတဲ့အခါကျတော့ ပြန်ဆပ်ရတာ တအားများတဲ့အတွက်ကြောင့် ဒီအတိုးနှင့်ပတ်သက်ပြီးတော့ ငွေပမာဏများလာတဲ့အတွက်ကြောင့် အတိုးကလည်း အများကြီးကြီးသွားပါတယ်။ ကြီးတဲ့အတွက်ကြောင့် ဒါလေးတွေကိုတော့ ကျွန်တော်

တို့က လျှော့ပေးသင့်ပါတယ်။ ၂.၅ သည် ကျွန်တော်တို့ MOPF ကနေ ယူထားပြီးတော့ ၀.၅ သည် စီးပွားရေးဘဏ်ကယူထားတယ်။ ငါးရာခိုင်နှုန်းကတော့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကယူထားတဲ့ အတွက်ကြောင့် များနေတဲ့အတွက်ကြောင့် ဒါကို လုပ်ကွက်ငယ်တောင်သူလယ်သမားများအတွက် ကျွန်တော်တို့က အဆင်ပြေစေချင်လို့ပါ။ နောက်တစ်ခုက တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ကြည့်တဲ့အခါ ကျတော့ ကျွန်တော်တို့က လယ်သမား ၅၃ ဦးပဲရှိတယ်။ ဧရာဝတီတိုင်းဒေသကြီးမှာ ငါးဦးပဲရှိပါတယ်။ ဆိုတော့ တကယ်တမ်းကျတော့ ဒါတွေဟာ လုပ်ကွက်ငယ်တောင်သူလယ်သမားတွေ မဖြစ်နိုင်တော့ဘူး။ အင်မတန်မှ အချုပ်အနှောင်တွေနဲ့ တော်တော်များများစည်းကမ်းချက်တွေများတဲ့အတွက်ကြောင့် ငွေပမာဏတော့အများကြီးဖြစ်နေတယ်။ တကယ်ချေးနိုင်တဲ့လူဟာ ငါးဦးပဲ ဧရာဝတီတိုင်းဒေသကြီး တစ်တိုင်းလုံးမှာ လေးမြို့နယ်မှာ တွေ့ရတဲ့အတွက်ကြောင့် ဒါ လုပ်ကွက်ငယ်လယ်သမားတွေ ဘယ်လိုမှမလုပ်နိုင်ပါဘူးခင်ဗျား။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က အတိုးလေးလည်း လျှော့ပေးစေချင်ပါတယ်။ ကျယ်ကျယ်ပြန့်ပြန့်လည်း ဖြစ်စေချင်ပါတယ်။ တစ်ဧကမှာလည်း ကျွန်တော်တို့က အနည်းဆုံးလေးပေါ့။ ဥပမာ - မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ပုံမှန်ချေးနေတာ။ တစ်သိန်းခွဲချေးနေတယ်။ အခု အနည်းဆုံးကျွန်တော်တို့က နှစ်သိန်းလောက်ချေးမလား။ ဥပမာ - ငါးသိန်းလောက်ချေးမလား။ ဒါလေးကို သိမယ်ဆိုလို့ရှိရင်လည်း လယ်သမားတွေက ကျွန်တော်တို့ကိုမေးတဲ့အခါမှာ မဖြေနိုင်ပါဘူးခင်ဗျား။ ဒါကြောင့်မို့လို့ မေးခွန်းနှင့်ပတ်သက်ပြီးတော့ အနည်းဆုံးရော ဘယ်လောက် အထိများ ချေးလို့ရပါ့မလဲ။ ဒါလေးတစ်ချက် သိချင်ပါတယ်။ နောက် တစ်နိုင်ငံလုံးအတိုင်းအတာလို့ ပြောသော်လည်းပဲ လယ်သမား တစ်နိုင်ငံလုံးမှာမှ အများကြီးရှိတဲ့အထဲမှာမှ ၅၃ ဦးပဲရှိတယ်။ ဧရာဝတီတိုင်းဒေသကြီးက တကယ့်လယ်သမားအများဆုံးဒေသပါ။ ငါးယောက်ပဲ ထွက်လာတဲ့အတွက်ကြောင့် ဒါသည် အကြပ်အတည်းဖြစ်တဲ့အတွက်ကြောင့် ဒါနဲ့ပတ်သက်ပြီး ဆက်စပ်မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးမောင်မောင်ဝင်း(ဒုတိယဝန်ကြီး၊ စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ထပ်ဆင့်မေးခွန်းနှင့်ပတ်သက်ပြီးတော့ JICA Two Step Loan ချေးငွေဟာ ကျွန်တော်တို့ တင်ပြတဲ့အတိုင်းပဲ မူလရည်ရွယ်ချက်က လက်မှုလယ်ယာကနေ စက်မှုလယ်ယာစနစ်ကို ကူးပြောင်းနိုင်ဖို့အတွက် ဂျပန်နိုင်ငံကနေ မြန်မာနိုင်ငံအစိုးရကို ကူညီပေးအပ်ခြင်းဖြစ်ပါတယ်။ အဲဒီတော့ အစိုးရအချင်းချင်းချေးတဲ့ ချေးငွေမျိုးဖြစ်ပါတယ်။ ဂျပန်အစိုးရကနေ မြန်မာအစိုးရကို ပထမတစ်ဆင့်မှာပေးပါတယ်။ မြန်မာအစိုးရကနေ မြန်မာ့တောင်သူလယ်သမားများကို ကျွန်တော်တို့ ထပ်ပြီးတော့ ပေးခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ Two Step Loan လို့ ကျွန်တော်တို့ ခေါ်ဆိုထားခြင်းဖြစ်ပါတယ်။ အဲဒီတော့ ဒီ JICA ကိုယ်တိုင်နဲ့ ကျွန်တော်တို့နဲ့ ချေးငွေအတွက် ညှိနှိုင်းဆွေးနွေးတဲ့အခါမှာ ဒီ ချေးငွေအပေါ်မှာယူမယ့်အတိုးနှုန်းကို ဆွေးနွေးကြပါတယ်။ ဆွေးနွေးတဲ့အခါကျတော့ ချေးငွေအပေါ်မှာယူတဲ့အတိုးနှုန်းကတော့ ကျွန်တော်တို့ တိုင်းပြည်မှာ အပ်ငွေပေါ်ပေးတဲ့အတိုးနှုန်းက ရှစ်ရာခိုင်နှုန်းဖြစ်တဲ့အတွက်ကြောင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကနေ ပြီးတော့ ဘဏ်အားလုံးကို ကျွန်တော်တို့ ချေးငွေအပေါ်မှာ အများဆုံး အတိုးနှုန်း ၁၃ ရာခိုင်နှုန်းအထိ

ယူနိုင်ကြောင်း ကျွန်တော်တို့ သတ်မှတ်ထားပါတယ်။ ဆိုလိုတဲ့သဘောကတော့ အပ်ငွေပေါ်ပေးတဲ့ အတိုးနှုန်း ရှစ်ရာခိုင်နှုန်းကနေ စပြီးတော့ ၁၃ အထိ ကျွန်တော်တို့ အပ်ငွေပေါ်ပေးတဲ့အတိုးနှုန်း ရှစ်မှာ ငါးပေါင်းပြီးတော့ ကျွန်တော်တို့ ၁၃ အထိ ယူနိုင်တဲ့အနေအထားဖြစ်ပါတယ်။ သူ့ထက်လျှော့ပြီးတော့ ယူဖို့တော့ ကျွန်တော်တို့က လျှော့ပြီးတော့ယူတဲ့အခါမှာ ချေးငွေရဲ့ရည်ရွယ်ချက်က ဥပမာ - လယ်သမားများဟာ ဒီချေးငွေကို ထွန်စက်ဝယ်ဖို့၊ ရိတ်သိမ်းခြွေလှေ့စက်ဝယ်ဖို့ စသဖြင့် သုံးစွဲရမယ့် နေရာမှာ ဒီလိုမျိုးအကြောင်းပြပြီးတော့မှ ဒီချေးငွေကို သက်သာတဲ့အတိုးနှုန်းနဲ့ယူပြီးတော့ တခြား အပ်ငွေပေါ်အတိုးနှုန်း ရှစ်ရာခိုင်နှုန်းပေးနေတဲ့အခါမှာ အချို့ဘဏ်တွေကလည်း ကိုးရာခိုင်နှုန်းအထိ ပေးတာလည်း ရှိပါတယ်။ အဲဒါကြောင့် ချေးငွေအပေါ်မှာ ယူတဲ့ရည်ရွယ်ချက်ပျောက်ပြီးတော့မှ တခြား အပြင်မှာ အတိုးပေးစားတာတို့၊ ဘဏ်တွေကိုပြန်အပ်ပြီးတော့ အတိုးယူတာတို့ စသဖြင့် ဒီလို ရည်ရွယ်ချက်တွေ ဖြစ်သွားမှာစိုးတဲ့အတွက်ကြောင့် JICA ကိုယ်တိုင်ကလည်း မြန်မာနိုင်ငံကသတ်မှတ် ထားတဲ့ အပ်ငွေပေါ်အတိုးနှုန်း ရှစ်ထက်တော့ လျှော့ပြီးတော့ ယူဖို့မသင့်ပါဘူးလို့ ကျွန်တော်တို့ အကြံပြုဆွေးနွေးထားခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီ ချေးငွေအပေါ်မှာ၊ တောင်သူ လယ်သမားများအပေါ်မှာ ရှစ်ရာခိုင်နှုန်းသတ်မှတ်ပြီးတော့ ယူခြင်းဖြစ်ပါတယ်။ အလားတူပဲ စိုက်ပျိုး စရိတ်ကိုလည်း ယခင်တုန်းက လေးရာခိုင်နှုန်း၊ ငါးရာခိုင်နှုန်းအထိ ပေးခဲ့ဖူးပါတယ်။ နောက်ပိုင်းမှာ ကျွန်တော်တို့ ဒါကို ရည်ရွယ်ချက်တွေက ရှုပ်ထွေးသွားတဲ့အတွက်ကြောင့် ကျွန်တော်တို့ ဒီအပေါ်မှာ လည်း အခုလက်ရှိ စိုက်ပျိုးစရိတ်ကိုလည်း ရှစ်ရာခိုင်နှုန်းပဲ ယူနေခြင်းဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ဒီချေးငွေအပေါ်မှာပေးတဲ့ အတိုးနှုန်း ရှစ်ရာခိုင်နှုန်းကတော့ လောလောဆယ် မှာ ကျွန်တော်တို့ လျှော့ဖို့အစီအစဉ်မရှိသေးပါဘူး။ ဒီ ရှစ်ရာခိုင်နှုန်းနဲ့ပဲ အနည်းဆုံးထားပြီးတော့ ယူရမှာဖြစ်ပါတယ်။ အခု ချေးငွေပေးနေတဲ့ ချေးငွေများထဲမှာလည်းပဲ ဒီ ရှစ်ရာခိုင်နှုန်းက အနည်းဆုံး ချေးငွေ ဖြစ်ပါတယ်။ တရုတ်ပြည်ကရတဲ့ ကျွန်တော်တို့ ချေးငွေမျိုးဆိုလို့ရှိရင် တရုတ်ပြည်က ၄.၅ နဲ့ ယူရပြီး တော့ သမဝါယမကတစ်ဆင့်ပေးနေတဲ့ ချေးငွေဆိုလို့ရှိရင် အတိုးနှုန်း ၁၅ ရာခိုင်နှုန်းအထိ ယူတဲ့ ချေးငွေမျိုးဖြစ်ပါတယ်။ နောက်အပေါင်ပစ္စည်းတို့၊ ဘာတို့ ပေးရတယ်ဆိုတာကလည်းပဲ စောစောက ကျွန်တော်တင်ပြသလို နိုင်ငံအချင်းချင်းချေးငွေဖြစ်တဲ့အခါကျတော့ ဒီချေးငွေကို ကျွန်တော်တို့ အစိုးရအနေနဲ့က အချိန်တန်ရင် ပြန်ဆပ်ရမှာဖြစ်ပါတယ်။ သူသတ်မှတ်ထားတဲ့ သက်တမ်းကတော့ JICA ဆီကရမှာက သက်တမ်းနှစ် ၄၀ ရပါတယ်။ နှစ် ၄၀ အတွင်းမှာ ကျွန်တော်တို့ ပြန်ပြီးတော့ ဆပ်သွားရမှာဖြစ်ပါတယ်။ အဲဒီတော့ အစိုးရကပဲ တာဝန်ယူပြီးတော့ ပေးဆပ်ရမှာဖြစ်ပါ တယ်။ ဒါကြောင့်မို့လို့ ဒီချေးငွေက သက်တမ်းနှစ် ၄၀ အတွင်းမှာ ကျွန်တော်တို့ အခု သတ်မှတ်ထားတဲ့ လယ်သမားတစ်ဦးချင်းကိုချေးတဲ့ လေးနှစ်တို့၊ ငါးနှစ်တို့ သတ်မှတ်ပြီးချေးတဲ့အခါမှာ ဒီ လေးနှစ်၊ ငါးနှစ်ပြည့်လို့ ပြန်ဆပ်တဲ့ချေးငွေတွေကိုလည်း နောက်လယ်သမားကို ကျွန်တော်တို့က ပြန်ပြီးတော့ ချေးဖို့ လုပ်မှာဖြစ်ပါတယ်။ ဒီအတွင်းမှာ ကျွန်တော်တို့ နှစ်ပေါင်းသက်တမ်း ၄၀ ဖြစ်တဲ့အတွက်ကြောင့် ရှစ်ခါလောက် ပြန်ပြီးတော့ ကျော့ပြီးတော့ ချေးလို့ရတဲ့အနေအထားဖြစ်ပါတယ်။ နောက်တစ်ခု ကလည်း လယ်သမားဦးရေနည်းနေရတဲ့အကြောင်းကလည်း အခုမှ လုပ်ငန်းစတာဖြစ်ပါတယ်။ ဒီ ငါးနှစ်အတွင်းမှာ ဆက်တိုက်ဆက်တိုက်ချေးသွားမှာဖြစ်ပါတယ်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့

တိုင်းဒေသကြီးနှင့် ပြည်နယ်အကုန်လုံးကိုရောက်ရှိနိုင်ဖို့ကိုလည်း ကျွန်တော်တို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီ ကျွန်တော်တို့ MOPF က ယူတယ်ဆိုတဲ့ ၂.၅ ရာခိုင်နှုန်းက စောစောက ကျွန်တော်ရှင်းလင်းတင်ပြသလို ချေးငွေရဲ့သက်တမ်းနှစ် ၄၀ အတွင်းမှာ အခု ကျွန်တော်တို့ ဖြစ်ပေါ်နေတဲ့ Exchange Rate နဲ့ နောက်လာမယ့်နှစ်တွေမှာ ဖြစ်လာမယ့် Exchange Rate ကျွန်တော်တို့ ကြိုတင်မှန်းဆလို့မရပါဘူး။ ဒါကြောင့်မို့လို့ Exchange Rate Risk ကို ကျွန်တော်တို့ ယူနိုင်ဖို့အတွက်ကို ၂.၅ ရာခိုင်နှုန်းကို ကျွန်တော်တို့က ဆောင်ထားရခြင်းဖြစ်ပါတယ်။ နောင်တစ်ချိန်မှာ၊ နှစ် ၄၀ ပြည့်လို့ ပြန်ဆပ်တဲ့အချိန်မှာ ဖြစ်ပေါ်နေတဲ့ Exchange Rate အတိုင်းပဲ ပြန်ပြီးတော့ ပေးဆပ်ရမှာဖြစ်ပါတယ်။ နောက် မြန်မာ့စီးပွားရေးဘဏ်ကယူတဲ့ ၀.၀၅ ရာခိုင်နှုန်းဆိုတာကလည်းပဲ ကျွန်တော်တို့ ဘဏ်ရဲ့ Agent Bank အဖြစ်နဲ့ နိုင်ငံတော်ကိုယ်စား မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကို ချေးငွေများကို ထုတ်ချေးပြီးတော့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကနေ ပြန်လည်ပေးဆပ်လာမယ့် ချေးငွေများကို ဂျပန်ကိုပြန်လည်ဆပ်ဖို့ ဆောင်ရွက်ရမှာဖြစ်တဲ့အတွက်ကြောင့် မြန်မာ့စီးပွားရေးဘဏ်ကလည်းပဲ ဒါကို ယူရခြင်းဖြစ်ပါတယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေနဲ့ ဒါက ပြည်တွင်းရယူတဲ့ အတိုးနှုန်းအတိုင်းပါပဲ။ ၅ ရာခိုင်နှုန်းယူထားပြီးတော့ ဒါကို မြို့နယ်အနှံ့အပြားကို ထုတ်ချေးနိုင်ဖို့ အတွက် စရိတ်များဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**မန်တုံမြို့နယ်တွင် မြန်မာ့စီးပွားရေးဘဏ်(ခွဲ)ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မန်တုံမဲဆန္ဒနယ်မှ ဒေါ်နန်းမိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းမိုး(မန်တုံမဲဆန္ဒနယ်)**။ ။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာပါ။ ကျွန်မကတော့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ မန်တုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းမိုး ဖြစ်ပါတယ်။ ယခု ဥက္ကဋ္ဌကြီးခွင့်ပြုချက်ဖြင့် ကျွန်မတို့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ မန်တုံမြို့နယ်တွင် လိုအပ်လျက်ရှိတဲ့ မြန်မာ့စီးပွားရေးဘဏ်ခွဲ ဖွင့်လှစ်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိနှင့်ပတ်သက်ပြီးတော့ မေးခွန်းကိုမေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ နမ့်ဆန်မြို့နယ်နှင့် မန်တုံမြို့နယ်ဆိုပြီးတော့ နှစ်ခုရှိပါတယ်။ နမ့်ဆန်မြို့နယ်နှင့် မန်တုံမြို့နယ်ဟာ ၃၈ မိုင်ကွာဝေးပြီး နမ့်ဆန်မြို့နယ်မှာဖြင့် မြန်မာ့စီးပွားရေးဘဏ်ခွဲတစ်ခု ရှိပါတယ်။ မန်တုံမြို့နယ်မှာ လက်ရှိအချိန်အထိ ဘဏ်မရှိသေးပါဘူး။ မန်တုံမြို့နယ်မှာ ဌာနဆိုင်ရာပေါင်းစုံရှိပြီး ပညာရေးဌာနတစ်ခုတည်းပင် ဝန်ထမ်းဦးရေ ၇၀၀ ကျော်ရှိပါတယ်။ မန်တုံမြို့နယ်တွင် ပညာရေးဝန်ထမ်းများ အများဆုံးဖြစ်ပြီး ဌာနဆိုင်ရာဝန်ထမ်းများအားလုံးရဲ့လစာကို လစဉ်လတိုင်း ၃၈ မိုင်ကွာဝေးတဲ့ နမ့်တူမြို့၊ မြန်မာ့စီးပွားရေးဘဏ်မှတစ်ဆင့် ဌာနဆိုင်ရာများပေါင်းစုပြီး လစာထုတ်ယူနေရပါတယ်။ ဒီလိုသွားရောက်ထုတ်ယူရခြင်းအားဖြင့် ဝန်ထမ်းများအချင်းချင်း အကျင့်ပျက်ခြစားမှုတွေဖြစ်ပေါ်စေပါတယ်။ ဥပမာ- ပြီးခဲ့တဲ့ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် မြို့နယ်ပညာရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့တဲ့ မြို့နယ်ပညာရေးမှူး ပညာရေးဝန်ထမ်းများအားလုံး၏လစာကို ၃၈ မိုင်ကွာဝေးတဲ့ နမ့်တူမြို့ကို လစဉ်သွားထုတ်တဲ့အခါမှာ ခရီးစရိတ်ကို လစဉ်တစ်သိန်းဆိုပြီးတော့ ဆရာဆရာမရဲ့ လစာထဲကနေ လစဉ်ဖြတ်တောက်ခဲ့ပါတယ်။ တကယ်တမ်းကျတော့ မန်တုံ- နမ့်တူကိုသွားတဲ့ခရီးစရိတ်ဟာ

Van ကား တစ်စင်းလုံးငှားမယ်ဆိုရင်တောင်မှ အသွားအပြန်ခရီးစရိတ် သုံးသောင်းအလွန်ဆုံးပဲကျပါတယ်။ ဒါက ကျွန်မမြို့နယ်မှာ ဘဏ်မရှိခြင်းကြောင့် ဖြစ်ပေါ်လာတဲ့အကျိုးဆက်ထဲက တစ်ခုဖြစ်ပါတယ်။ အခုချိန်မှာ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာများ၊ အသေးစားလုပ်ငန်းရှင်များသည် နမ္မတူ၊ လားရှိုးသို့သွားရောက်ပြီး ငွေသွင်းငွေထုတ် လုပ်နေရတဲ့အတွက်ကြောင့်မို့လို့ အချိန်ကုန် လူပင်ပမ်းတဲ့အပြင် ငြိမ်းချမ်းမှုမရှိတဲ့အတွက်ကြောင့် လမ်းမှာ ကြန့်ကြာနေတဲ့အခါမျိုးတွေလည်း ရှိခဲ့ပါတယ်။ မန်တုံမြို့တွင် မြန်မာ့စီးပွားရေးဘဏ်ခွဲတစ်ခု ဖွင့်လှစ်မယ်ဆိုပါက ဘဏ်ဖွင့်လှစ်နိုင်ရန်အတွက်လည်း ကျွန်မတို့မြို့၊ မြို့နယ်ရဲ့စခန်းဘေးနံရံကပ်ရပ်နေရာတွင် နေရာချထားပြီး မြေနေရာလည်းရရှိပြီးသားဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်မအနေနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနထံသို့ ဤမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမောင်မောင်ဝင်း(ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ မန်တုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းမိုးရဲ့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ မန်တုံမြို့နယ်တွင် လိုအပ်လျက်ရှိသော မြန်မာ့စီးပွားရေးဘဏ်(ခွဲ)ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်းပြီး ပြန်လည်ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။ နိုင်ငံတော်က ရာနှုန်းပြည့်ပိုင်ဆိုင်တဲ့ မြန်မာ့စီးပွားရေးဘဏ်ဟာ ရုံးချုပ်ဌာနကြီး ခြောက်ခု၊ တိုင်းဒေသကြီး/ပြည်နယ်ရုံး ၁၄ ခု၊ ခရိုင်ဘဏ်ခွဲ ၇၆ ခု၊ မြို့နယ်ဘဏ်ခွဲ ၂၁၅ ခု၊ ဘဏ်ငွေတိုက်ခွဲ ၁၈ ခု၊ ကိုယ်စားလှယ်ရုံးခွဲ ခြောက်ခု စုစုပေါင်းဘဏ်ခွဲ ၃၃၅ ခု၊ ဝန်ထမ်းဦးရေ ၈၆၆၈ ဦးခန့်ဖြင့် ပြည်သူလူထုအတွက် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ရှမ်းပြည်နယ်၊ မြောက်ပိုင်းဒေသမှာ ခရိုင်ဘဏ်ခွဲ သုံးခု၊ မြို့နယ်ဘဏ်ခွဲ ၁၅ ခုရှိပါတယ်။ ၎င်းတို့မှာ လားရှိုးခရိုင်ဘဏ်ခွဲ ကွပ်ကဲမှုအောက်မှာ ကွမ်းလုံမြို့နယ်၊ သိန္နီမြို့နယ်၊ တန့်ယန်းမြို့နယ်၊ လောက်ကိုင်မြို့နယ်ဘဏ်ခွဲနှင့် မိုင်းရယ်မြို့နယ်ဘဏ်ခွဲ၊ ဟိုပန်မြို့နယ်ဘဏ်ခွဲတို့ဖြစ်ပါတယ်။ ကျောက်မဲခရိုင်ဘဏ်ခွဲကွပ်ကဲမှုအောက်မှာ သီပေါ၊ နောင်ချို၊ နမ္မတူ၊ နမ့်စန်(မြောက်)၊ မိုးမိတ်မြို့နယ်ဘဏ်ခွဲနှင့် မဘိမ်းမြို့နယ်ဘဏ်ခွဲတို့ဖြစ်ပါတယ်။ မူဆယ်ခရိုင်ဘဏ်ခွဲရဲ့ ကွပ်ကဲမှုအောက်မှာ ကွတ်ခိုင်မြို့နယ်ဘဏ်ခွဲ၊ နန့်ခမ်းမြို့နယ်ဘဏ်ခွဲနှင့် ကြူကုတ်မြို့နယ်ဘဏ်ခွဲတို့ ဖြစ်ပါတယ်။ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ မန်တုံမြို့မှာ ရုံးစိုက်ဌာန ၂၄ ဌာနရှိပြီးတော့ လက်ရှိဝန်ထမ်း ၆၆၇ ဦး၊ ပင်စင်စားဝန်ထမ်းတစ်ဦး၊ နယ်မြေခံတပ်ရင်း တစ်ရင်းတို့ရှိပါတယ်။ ၎င်းတို့ရဲ့ ငွေကြေးကိစ္စရပ်များကို မန်တုံမြို့နယ်မှ ၃၇ မိုင်ကွာဝေးတဲ့ နမ္မတူဘဏ်ခွဲက တာဝန်ယူဆောင်ရွက်ပေးလျက်ရှိပါတယ်။ မန်တုံမြို့ရှိ ဝန်ထမ်းများရဲ့ လစဉ်ဝန်ထမ်းလစာထုတ်ယူမှုအနေအထားမှာ ကျပ်သိန်းတစ်ထောင်ဝန်းကျင်ရှိပြီးတော့ ငွေစုဘဏ်စုဆောင်းမှုအနေဖြင့်လည်း စုဆောင်းသူဦးရေ ၁၀၀ ဦးခန့် ရှိသည်ကို တွေ့ရှိရပါတယ်။ မန်တုံမြို့အနေနဲ့ မြေမျက်နှာသွင်ပြင်အနေအထားအရ မြေပြန့်လွင်ပြင်နည်းပါးပြီး

တောင်ကုန်း တောင်တန်းများပေါ်မှာတည်ရှိကာ နမ့်တူ- မန်တုံလမ်းဟာ ကျောက်ခင်းတောင်ပတ်လမ်း ဖြစ်၍ ဆိုင်ကယ်ဖြင့်သာသွားလာနိုင်တဲ့ အခြေအနေရှိကြောင်း သိရပါတယ်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုမရှိသေးတဲ့အပြင် လတ်တလောအခြေအနေမှာ နယ်မြေလုံခြုံရေးအပြည့်အဝရရှိမှု မရှိသေးတဲ့ အခြေအနေဖြစ်ပါတယ်။ ဘဏ်ခွဲအသစ်တစ်ခုဖွင့်လှစ်ဖို့အတွက် မြန်မာ့စီးပွားရေးဘဏ် အနေနဲ့ စီးပွားရေးတွက်ချေကိုက်မှုကို အဓိကဦးစားပေးပြီးတော့ ရွေးချယ်ခြင်းမဟုတ်သော်လည်းပဲ နယ်မြေလုံခြုံရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ငွေကြေးလုံခြုံရေး၊ ဖွဲ့စည်းပုံတိုးချဲ့ရန်လိုအပ်မှုနဲ့ ဘဏ်ခွဲဖွင့်လှစ်ရန် သင့်လျော်တဲ့ လုပ်ငန်းပမာဏရှိမှု စတဲ့အချက်များအပေါ်မှာ ချိန်ဆပြီးတော့ ဖွင့်လှစ်ရခြင်းဖြစ်ပါသဖြင့် လောလောဆယ်မှာ ဘဏ်ခွဲဖွင့်လှစ်ပေးနိုင်ခြင်းမရှိသေးပါကြောင်းနှင့် အချိန်ကာလ၊ ဒေသအခြေအနေပေါ်မူတည်ပြီးတော့ အထက်ပါတင်ပြတဲ့အချက်များ ပြည့်စုံလာပါက သုံးသပ်ဆောင်ရွက်ပေးမှာဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါ တယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါ်နန်းမိုး(မန်တုံမဲဆန္ဒနယ်)**။ ။ ဖြေကြားသွားတဲ့ဝန်ကြီးကို အထူးကျေးဇူးတင်ရှိပါတယ်။ ကျွန်မကို ဆက်စပ်မေးခွန်းမေးခွင့်ပြုပါ။ ခုနတုန်းက ဝန်ကြီးပြောသွားတဲ့အထဲမှာ ကျွန်မတို့ အခုချိန် အထိ ဆိုင်ကယ်နဲ့ပဲ သွားနေရတယ်ဆိုတဲ့ဟာက မှားပါတယ်။ ကျွန်မတို့အခုဆိုလို့ရှိရင် နမ့်တူ- မန်တုံက နေ့ချင်းပြန်သွားလို့ရပါတယ်။ ဒါပေမဲ့ လမ်းမှာတော့ ခုနတုန်းကဝန်ကြီးပြောသလို ဒေသမငြိမ်းချမ်းတဲ့ အတွက်ကြောင့်မို့လို့ ကျွန်မတို့မှာ အခက်အခဲလေးတော့ နည်းနည်းလေးရှိပါတယ်။ သို့သော်လည်း လုံခြုံမှုဆိုတဲ့အပိုင်းမှာတော့ ကျွန်မတို့မြို့နယ်အနေနဲ့ကတော့ ဘဏ်ဖွင့်မယ်ဆိုလို့ရှိရင် လုံခြုံပါတယ်။ အခု ပုဂ္ဂလိက အသေးစား Mobile Banking တောင်မှ လုံးဝ Security မရှိဘဲနဲ့ သူတို့ Mobile Banking အသေးစားလေး ဖွင့်ထားပါတယ်။ ဘယ်သူတစ်ဦးတစ်ယောက်မှ ဓါးပြလာတိုက်တာတို့ အဲဒီလိုမျိုးတော့ ကျွန်မတို့မြို့နယ်မှာ မရှိပါဘူး။ ဆိုတဲ့အခါကျတော့ ကျွန်မတို့ မြန်မာ့စီးပွားရေးဘဏ် အနေနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ ကျွန်မတို့ ဌာနဆိုင်ရာတွေ၊ ကျွန်မတို့ပြည်သူတွေရဲ့ အကျိုးကို ရှေးရှုပြီးတော့ လာမယ့် ဘဏ္ဍာရေးနှစ်မှာ ဘဏ်ခွဲဖွင့်လှစ်ပေးရန် စိတ်ကူးရှိ/မရှိ မေးမြန်းလိုပါ တယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိတ်ကူးစိတ်သန်းလေး ပြန်ဖြေပေးပါ။

**ဦးမောင်မောင်ဝင်း(ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ ဟုတ်ကဲ့။ မေးခွန်းထပ်ပြီးတော့ မေးပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ဖြေကြားတဲ့အခါမှာလည်း ပဲ ကျွန်တော်တို့အနေနဲ့ကတော့ အခု ဘဏ်စနစ်ကလည်းပဲ နောက်ပိုင်းမှာ ကျွန်တော်တို့ ပြောင်းလဲ လာတဲ့ နိုင်ငံတကာလုပ်ငန်းတွေ၊ ဘဏ်လုပ်ငန်းတွေရဲ့ အခြေအနေကို ကြည့်မယ်ဆိုလို့ရှိရင် ကျွန်တော် တို့ ဘဏ်ခွဲတွေတိုးဖွင့်တဲ့စနစ်ထက်ကို ငွေကြေးတွေသုံးစွဲတဲ့အစား Electronic Card တွေသုံးလာ တယ်။ နောက် ကျွန်တော်တို့ ကတ်တွေကတစ်ဆင့် Mobile ဘက်ကို တစ်ဆင့်တက်လာပြီးတော့ Mobile ဘဏ်လုပ်ငန်းတွေ လုပ်နေပြီဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံတကာမှာ ဘဏ်ခွဲတွေဖွင့်တဲ့

အတွက် ကုန်ကျမယ့်စရိတ်တွေကိုရှောင်ရှားပြီးတော့ ဘဏ်ခွဲအစားကို Agent Bank တွေ၊ ရွေ့လျား ဘဏ်တွေအဖြစ်နဲ့ ကျွန်တော်တို့ ကိုယ်စားလှယ်တွေထားပြီးတော့ပဲ ငွေကြေးဝန်ဆောင်မှုတွေကို ပေးနေတဲ့အခြေအနေဖြစ်ပါတယ်။ ဒါကိုလည်း ယခင် ဘဏ်ခွဲတစ်ခုကို ကျွန်တော်တို့ ဖြေကြားခဲ့စဉ် ကလည်း ဒီအတိုင်း ဖြေကြားခဲ့တာရှိပါတယ်။ အခု မန်တုံနဲ့ပတ်သက်ပြီးတော့လည်း အကယ်၍ ဘဏ်ခွဲဖွင့်လှစ်ဖို့အတွက် လုံခြုံရေးအခြေအနေအရရော၊ ဖွံ့စည်းပုံတိုးချဲ့မယ့်အခြေအနေအရရော၊ ဘဏ်ခွဲဖွင့်လှစ်မယ့်ကုန်ကျစရိတ်အနေအထားအရ တွက်ခြေမကိုက်ဘူးဆိုရင်တောင်မှ ကျွန်တော်တို့ Mobile ဘဏ်လုပ်ငန်းနဲ့ Agent ရှာပြီးတော့မှ မန်တုံရဲ့ လိုအပ်နေတဲ့ဘဏ်ဝန်ဆောင်မှုလုပ်ငန်း များကို ဆောင်ရွက်ပေးနိုင်ဖို့အတွက် မြန်မာ့စီးပွားရေးဘဏ်ကို ကျွန်တော်တို့ တာဝန်ပေးပြီးတော့ Feasibility Study လုပ်ပြီးတော့ လေ့လာပြီးတော့ ဆောင်ရွက်နိုင်မယ့်နည်းလမ်းကို ပြန်ကြားပေးမယ် ဆိုတဲ့အကြောင်း ဖြေကြားလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် ပြီးပါပြီ။

**ဒေါ်ချိုချို၊ အုတ်တွင်းမဲဆန္ဒနယ်က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လျင်မြန်ချောမွေ့လွယ်ကူစွာ ဝင်ရောက်နိုင်ပြီး လုပ်သားအင်အားအခြေပြုသော ကုန်ထုတ်လုပ်ငန်းများ (Labour Intensive Industry) ပိုမိုဖွံ့ဖြိုးတိုးတက်ကျယ်ပြန့်လာစေရန်အတွက် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ပေါ်လာအောင် ကူညီဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်းနှင့်လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချိုက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဒေါ်ချိုချိုအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်ချိုချို(အုတ်တွင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့်အားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ အုတ်တွင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ချိုချို ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးကတစ်ဆင့်တင်သွင်းလိုတဲ့အဆိုကတော့ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုတွေ လျင်မြန်ချောမွေ့လွယ်ကူစွာဝင်ရောက်နိုင်ပြီး လုပ်သားအင်အားအခြေပြုသော ကုန်ထုတ် လုပ်ငန်းများ (Labour Intensive Industry) ပိုမိုတိုးတက်ဖွံ့ဖြိုးကျယ်ပြန့်လာစေရန်အတွက် ရင်းနှီး မြှုပ်နှံမှုအခွင့်အလမ်းများပေါ်လာအောင် ကူညီဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ အဆိုတင်သွင်းရတဲ့ရည်ရွယ်ချက်ကတော့ မြန်မာ နိုင်ငံရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်နှင့် လုပ်သားအင်အားကိုအခြေခံတဲ့ စက်ရုံ၊ အလုပ်ရုံတွေ၊ ဝန်ဆောင်မှုလုပ်ငန်းတွေမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ များစွာဝင်ရောက်လာနိုင်မှသာ အလုပ်အကိုင် အခွင့်အလမ်းတွေရရှိလာပြီး အလုပ်လက်မဲ့ပြဿနာကို ဖြေရှင်းပေးနိုင်မယ့်အပြင် လူ့အခွင့်အရေး ဆုံးရှုံးကာတန်းတူအခွင့်အရေးမရရှိတဲ့ ပြည်ပမှာသွားရောက်ပြီးအလုပ်လုပ်ကိုင်နေကြရတဲ့ မြန်မာ ပြည်သူ ပြည်သားရွှေ့ပြောင်းအလုပ်သမားများကို ပြန်လည်ခေါ်ယူကာ ပြည်တွင်း၌ပင် အလုပ်များပေးနိုင်စေ ရန်အတွက်ရည်ရွယ်ပြီးတော့ ဒီအဆိုကိုတင်သွင်းရခြင်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ ဖွံ့ဖြိုးဆဲ

အာဆီယံနိုင်ငံများနဲ့ ကမ္ဘာ့စီးပွားရေးနိုင်ငံနှစ်ခုအကြား ကုန်စည်စီးဆင်းမှုပြုလုပ်နိုင်တဲ့ မဟာဗျူဟာ အချက်အချာကြတဲ့နေရာတစ်ခုဖြစ်ပြီးတော့ ကုန်ပစ္စည်းထုတ်လုပ်မှုပြုလုပ်ရာမှာလည်း အချက်အချာကြတဲ့နေရာမှာတည်ရှိနေပါတယ်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်တဲ့သယံဇာတများ၊ လူသားအရင်းအမြစ်ဖြစ်တဲ့ လူငယ်လူရွယ်ဦးရေများပြားစွာရှိနေခြင်းကလည်း ရင်းနှီးမြှုပ်နှံလိုတဲ့ နိုင်ငံတွေအတွက် အားသာချက်တစ်ခုဖြစ်နေပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို စိတ်ဝင်စားပြီး အလွယ်တကူဝင်ရောက်လာစေရန်အတွက်လည်း လုပ်ငန်းများကို မှတ်ပုံတင်တဲ့နေရာမှာ လွယ်ကူစေရန်ပြုလုပ်ပေးထားခြင်း၊ အမြတ်ဝေစုကို မိခင်တိုင်းပြည်ကိုလွယ်ကူစွာပို့လို့ရအောင် လုပ်ပေးထားခြင်း၊ ယခင်က နိုင်ငံသားနှင့် နိုင်ငံခြားသားလုပ်ငန်းရှင်တွေကို ခွဲခြားထားပေမဲ့ ယခုအခါ တန်းတူအခွင့်အရေးများပေးထားခြင်း၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေကိုလည်း ပြန်လည်ပြင်ဆင်ပေးထားပြီး နိုင်ငံခြားသားခြေရာကိုလည်း အရင်ကထက် ပိုမိုလုပ်ပိုင်ခွင့်တွေပေးထားခြင်းများ ရှိခဲ့ပါတယ်။ ဒါပေမဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေဟာ အားနည်းချက်တွေ၊ လိုအပ်ချက်လေးတွေရှိနေဆဲ ဖြစ်နေပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအတွက် စာရွက်ပေါ်ကကိန်းဂဏန်းထက် တကယ်လက်တွေ့မှာ လည်ပတ်နိုင်မှသာ စီးပွားရေးကို တိုက်ရိုက်သွားပြီးတော့ သက်ရောက်မှာဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုတိုးပွားများပြားလာခြင်းဟာ ၎င်းနိုင်ငံအတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရဲ့အသက်ပဲဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုများ တိုးပွားများပြားလာခြင်းဖြင့် ထုတ်ကုန်လုပ်ငန်းတွေအတွက် စက်ရုံ၊ အလုပ်ရုံတွေပေါ်ပေါက်လာပြီး အလုပ်အကိုင်အခွင့်အလမ်းများပေးနိုင်ကာ ရွှေ့ပြောင်းအလုပ်သမားကိစ္စအား ထိန်းထားနိုင်မှာဖြစ်ပြီး ဒေသစီးပွားရေးအားကောင်းလာမှာဖြစ်သလို ပို့ကုန်လုပ်ငန်းတွေတိုးတက်ကာ ဈေးကွက်အသစ်များ ပေါ်ထွက်လာခြင်းနှင့်အတူ စားသုံးသူပြည်သူများ ဈေးနှုန်းသက်သက်သာသာဖြင့် ပေါပေါသီသီသုံးစွဲနိုင်မယ်။ တောင့်တင်းခိုင်မာတဲ့အရင်းအနှီးများ၊ ကျွမ်းကျင်သောဝန်ထမ်းတွေနဲ့စနစ်တကျစီမံခန့်ခွဲမှုတွေအောက်မှာ လုပ်ငန်းတွေလည်ပတ်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုတွေဟာ တိုးတက်လာပြီး ပြင်ပမှတင်သွင်းမှုတွေဟာလည်း လျှော့ချနိုင်ခြင်း၊ ပို့ကုန်တန်ဖိုးမြင့်တက်လာနိုင်ခြင်းနှင့်အတူ ကုန်သွယ်ရေးလိုငွေပြမှုများလည်း လျော့နည်းကာ နိုင်ငံခြားငွေဈေးနှုန်းတည်ငြိမ်ခြင်း၊ ငွေကြေးဖောင်းပွမှုလျော့နည်းခြင်းဆိုတဲ့ အကျိုးကျေးဇူးတွေကိုပါ ရရှိလာနိုင်မှာဖြစ်ပါတယ်။ သို့ရာတွင် ရင်းနှီးမြှုပ်နှံမှုတွေဟာ တစ်နှစ်ထက်တစ်နှစ်များလာတယ်ဆိုပေမဲ့ ပြည်ပသို့ အလုပ်သွားရောက်လုပ်ကိုင်တဲ့သူတွေကလည်း တစ်နေ့ထက်တစ်နေ့များပြားနေခြင်းကြောင့် လုပ်သား ဦးစားပေး၊ နိုင်ငံတကာစီးပွားရေးလုပ်ငန်းများအား ဖိတ်ခေါ်သင့်ပါတယ်။ ကုန်ပစ္စည်းထုတ်လုပ်တဲ့ကဏ္ဍမှာ အားကောင်းမောင်းသန် ဖွံ့ဖြိုးမလာတဲ့အတွက် ပို့ကုန်ပမာဏမြင့်မားလာစေရန် ရုန်းကန်မှုများဟာ ရှိနေဆဲဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ရင်းနှီးမြှုပ်နှံရာမှာလည်း ရန်ကုန်လိုနေရာမျိုးမှာပဲစုပုံပြီး ရင်းနှီးမြှုပ်နှံမှုတွေ မလုပ်ဘဲ ဒေသအသီးသီးမှာ ရင်းနှီးမြှုပ်နှံရန်လိုအပ်သလို အမှန်တကယ်ရင်းနှီးမြှုပ်နှံရန်အတွက်လည်း စိတ်ဝင်စားမှုများရှိလာအောင် လိုအပ်သည်များကို ဖြည့်ဆည်းပေးရမှာဖြစ်ပါတယ်။ အစိုးရ၊

ဒေသခံပြည်သူနှင့် နိုင်ငံတကာစီးပွားရေးလုပ်ငန်းများအနေနဲ့ ရေရှည်အကျိုးဖြစ်ထွန်းနိုင်တဲ့ လုပ်ငန်းစီးပွားရေးအစီအမံများပြုလုပ်ရန်လည်း လိုအပ်ပါတယ်။ မြန်မာနိုင်ငံမှာ ပင်လယ်ကူးသင်္ဘောဆိပ်ကမ်းကလွဲပြီး ဆက်သွယ်ရေးလမ်းကြောင်း အခြေခံအဆောက်အအုံနှင့် ပြည့်စုံတဲ့ဒေသတွေများစွာရှိပါတယ်။ အထူးသဖြင့် ဖွံ့ဖြိုးရေးနိမ့်ကျနေတဲ့ပြည်နယ်ဒေသတွေမှာ ရင်းနှီးမြှုပ်နှံမှုတွေဝင်ရောက်လာခြင်းဖြင့် အလုပ်အကိုင်၊ အခွင့်အလမ်းများပေါ်ပေါက်လာရေး၊ လူနေမှုအဆင့်အတန်းမြင့်မားရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ လူမှုစီးပွားကွာဟချက်များ လျှော့ချနိုင်ရေး၊ ဖွံ့ဖြိုးတိုးတက်မှုရေရှည်တည်တံ့ရေးဆိုတဲ့ ရည်မှန်းချက်တွေကိုလည်း အကောင်အထည်ဖော်နိုင်မှာဖြစ်ပါတယ်။ ပြည်နယ်ဒေသတွေမှာ ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်လာစေဖို့ရန်အတွက် စီးပွားရေးပတ်ဝန်းကျင်ကောင်း၊ ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်ကောင်းတွေကို ဖော်ဆောင်ဖန်တီးပေးနိုင်ဖို့လိုအပ်သလို တိုင်းရင်းသားတွေနဲ့ကိုက်ညီမှုရှိတဲ့ ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှုဝါဒချမှတ်ခြင်းအပြင် စီမံကိန်းရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်း၊ ကူညီပံ့ပိုးခြင်းဆိုတဲ့ နောက်ဆက်တွဲကိစ္စတွေကို ထိထိရောက်ရောက် လိုက်ပါဖြည့်ဆည်းပေးဖို့လိုအပ်ပါတယ်။ နိုင်ငံတော်အနေနဲ့လည်း ပြည်နယ်/တိုင်းဒေသကြီးအလိုက် အခွန်ကင်းလွတ်ခွင့်ကို ဖွံ့ဖြိုးမှုနိမ့်ကျနေတဲ့ဒေသတွေမှာ ရင်းနှီးမြှုပ်နှံပါက ခုနစ်နှစ်၊ အသင့်အတင့် ဖွံ့ဖြိုးနေတဲ့ဒေသတွေမှာ ရင်းနှီးမြှုပ်နှံရင် ငါးနှစ်၊ တိုးတက်တဲ့ဒေသတွေမှာ ရင်းနှီးမြှုပ်နှံပါက သုံးနှစ် အခွန်ကင်းလွတ်ခွင့်တွေလည်း ပေးထားပြီးဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ပေါ်လစီအရ ရင်းနှီးမြှုပ်နှံမှုထက် လွတ်လပ်တဲ့ဈေးကွက်အခြေပြုရင်းနှီးမြှုပ်နှံမှုကိုပါ ဦးစားပေးသင့်ပါတယ်။ သဘာဝသယံဇာတနှင့် ပတ်ဝန်းကျင်ကို ထိခိုက်စေမယ့် ရင်းနှီးမှုမျိုးကို ခွင့်မပြုသင့်သလို အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းတွေကို ထောက်ပံ့ပေးမယ့် လုပ်ငန်းမျိုး၊ ပြည်တွင်းမှာ ထုတ်လုပ်တဲ့လုပ်ငန်းမျိုးတွေမှာလည်း ရင်းနှီးမြှုပ်နှံမှုတွေများစွာ ဝင်ရောက်ဖို့လိုအပ်ပါတယ်။ နိုင်ငံရဲ့အဓိကစီးပွားရေးလုပ်ငန်းဖြစ်တဲ့ စိုက်ပျိုးရေးမှာ ရင်းနှီးမြှုပ်နှံမှုက အနည်းဆုံးဖြစ်နေခြင်းမှာလည်း စိုက်ပျိုးမြေတွေကို ဆက်လက်ချဲ့ထွင်ရေးနှင့် သီးနှံထုတ်လုပ်မှုတိုးတက်စေရေးအတွက် အားပေးဆောင်ရွက်သင့်သလို ဆက်စပ်လုပ်ငန်းတွေဖြစ်တဲ့ သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွေ လွယ်ကူချောမွေ့စေဖို့ရာနှင့် စက်ကိရိယာထုတ်လုပ်တဲ့လုပ်ငန်းတွေ၊ စိုက်ပျိုးရေးကုန်ကြမ်းမှာကုန်ချောထုတ်လုပ်တဲ့လုပ်ငန်းတွေမှာ ရင်းနှီးမြှုပ်နှံရန် လိုအပ်မှုများ ထောက်ပံ့ပေးခြင်း၊ ရင်းနှီးမြှုပ်နှံသူများအကြား ဆက်သွယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ပေးခြင်းတို့ကို ဆောင်ရွက်သင့်သလို နိုင်ငံတော်နှင့် စီးပွားအသိုက်အဝန်းနှစ်ရပ်လုံး အကျိုးအမြတ်ရရှိနိုင်မယ့် စီးပွားရေးအခွင့်အလမ်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်သင့်ပါတယ်။ မြန်မာနိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှုအတွက် အကြီးမားဆုံးစိန်ခေါ်မှုဖြစ်တဲ့ အခြေခံအဆောက်အအုံစီမံကိန်းတွေအတွက်ကိုလည်း ရင်းနှီးမြှုပ်နှံမှုတွေဟာ များစွာလိုအပ်နေပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုရာမှာ ကိုယ့်နိုင်ငံက လိုချင်တဲ့ကုန်ထုတ်လုပ်မှုလုပ်ငန်းမျိုးတွေမှာ ပါဝင်စေချင်ပေမယ့် ရင်းနှီးမြှုပ်နှံသူတွေကလည်း စိတ်ဝင်စားဖို့လိုအပ်ပါတယ်။ ဒေသအတွက် ရွေးချယ်စရာအများကြီးရှိတဲ့နိုင်ငံတွေထဲမှာ ဒီနိုင်ငံကိုလာပြီး ရင်နှီးမြှုပ်နှံခြင်းဖြင့် သူတို့အတွက် ဘယ်လိုအကျိုးကျေးဇူးများမလဲဆိုတာကလည်း ရင်းနှီးမြှုပ်နှံသူတွေဘက်က စဉ်းစားမယ့်

မူကြမ်း

အချက်ဖြစ်လို့နေပါတယ်။ ဒေသစွဲနိုင်ငံတွေကို ပြန်ကြည့်လိုက်ရင်လည်း အများစုဟာ လုပ်သား အရင်းအမြစ်ကြွယ်ဝလို့ Labour Intensive Industry လမ်းကြောင်းကို သွားနေကြသလို လုပ်သား ပေါကြွယ်ဝတဲ့ မြန်မာနိုင်ငံကလည်း ဒေသအတွင်းနိုင်ငံတွေနဲ့အပြိုင် Labour Intensive Industry လမ်းကြောင်းကနေ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်ရမယ့်အနေအထား လိုအပ်နေခြင်း ဖြစ်ပါ တယ်။ သို့ရာတွင် ပြည်ပရင်းနှီးမှုကို သိမ်းသွင်းဆွဲဆောင်တဲ့အခါမှာ ထိပ်ဆုံးမှနေရာယူလေ့ရှိတဲ့ လုပ်အားခချွေတာခြင်းဆိုပေမဲ့ ကျပ်ငွေတန်ဖိုးကျဆင်းလာခြင်း၊ ကုန်ဈေးနှုန်းမြင့်မားလာခြင်း၊ ငွေ ဖောင်းပွမှုနှုန်းမြင့်တက်လာခြင်းတို့ကြောင့် လုပ်သားများရဲ့အနည်းဆုံးလုပ်ခလစာ မြှင့်တက်ပေးမှုနဲ့ သတ်မှတ်ပုံကိုလည်း အဆင်ပြေအောင် လျင်မြန်ပီပြင်မှုရှိအောင် ပြုလုပ်ပေးရမှာ ဖြစ်ပါတယ်။ လျှပ်စစ်မီး၊ လမ်းစတဲ့အခြေခံအဆောက်အဦများ တိုးတက်အောင် လုပ်ရမှာဖြစ်သလို မူဝါဒချမှတ် ရာတွင် အသေးစိတ်လမ်းညွှန်မှုတွေကိုလည်း ဂရုပြုဆောင်ရွက်သင့်ပါတယ်။ ရှင်းလင်းတဲ့စီးပွားရေး မူဝါဒ၊ စီးပွားရေးလုပ်ရတဲ့ပတ်ဝန်းကျင်အခြေအနေ ကောင်းမွန်ရန်လည်း လိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ မြန်မာနိုင်ငံဟာ ရင်းနှီးမြှုပ်နှံမှုများ ထင်သလောက်မဝင်လာခြင်းဟာလည်း East of Doing Business(EDB) ညွှန်ကိန်းအဆင့်(၁၇၁)ဖြစ်နေခြင်းဟာလည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံ သူတွေကို တွန့်ဆုတ်စေမှုများ ဖြစ်ပေါ်စေပါတယ်။ ဒါ့အပြင် ဝယ်အား၊ ရောင်းအား မညီမျှမှုကြောင့် ဖြစ်ပေါ်လာတဲ့ ကြီးမားတဲ့မြေဈေးပြဿနာကို ဖြေရှင်းဖို့ရန်အတွက် စက်မှုဇုန်အသစ်တွေကို တည်ဆောက်ရန်၊ မြေလွတ်၊ မြေရိုင်းတွေကို ဖော်ထုတ်ပေးသင့်သလို စက်မှုဇုန်ဥပဒေကိုလည်း သတ်မှတ်ပြဋ္ဌာန်းပေးသင့်ပါတယ်။ ရင်းနှီးမြှုပ်နှံသူတွေအတွက် လိုအပ်တဲ့ အာမခံနိုင်တဲ့ လျှပ်စစ် ဓာတ်အားဖြန့်ဝေမှုမကောင်းသေးတာကိုလည်း ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရမှာဖြစ်သလို သဘာဝဓာတ်ငွေ့ကို ပြည်တွင်းမှာပဲ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးအတွက် အသုံးပြုသင့်ပါတယ်။ လုပ်သားအင်အားပေါများတယ်ဆိုပေမဲ့ ကျွမ်းကျင်လုပ်သားရှားပါးမှုပြဿနာကလည်း စိန်ခေါ်မှု တစ်ရပ်ဖြစ်နေတဲ့အတွက် လက်ရှိလုပ်ကိုင်နေတဲ့ လုပ်ငန်းနယ်ပယ်တွေမှာ ကျွမ်းကျင်စေရန်အတွက် ကာလတို သုံးလ သို့မဟုတ် ခြောက်လ လေ့ကျင့်မှုပေးတဲ့ သင်တန်းကျောင်းတွေလည်း များစွာလိုအပ် နေပါတယ်။ အမျိုးသားကျွမ်းကျင်မှုအဆင့်အသိအမှတ်ပြုလက်မှတ်ထုတ်ပေးတဲ့အဖွဲ့ရဲ့ လုပ်ငန်း ဆောင်တာနှေးကွေးမှုတွေကြောင့် အရေအတွက်များများကို မထုတ်ပေးနိုင်ခြင်းကလည်း လက်မှတ်ရ ကျွမ်းကျင်ဝန်ထမ်းအရေအတွက် နည်းပါးစေတဲ့အတွက် လုပ်ငန်းတွေလုပ်တတ်ပေမဲ့ လက်မှတ်မရှိတဲ့ အတွက်ကြောင့် ပြည်ပကကျွမ်းကျင်သူလုပ်သားများကို ဝင်ရောက်နေရာယူခြင်းဖြင့် အလုပ်အကိုင် အခွင့်အလမ်းကို ထိခိုက်စေနိုင်မှုများ ဖြစ်ပေါ်စေနိုင်တဲ့အတွက်ကြောင့် ကျွမ်းကျင်လုပ်သားအသိ အမှတ်ပြုလက်မှတ်ထုတ်ပေးတဲ့စနစ်ကို ကျင့်သုံးဖို့ကလည်း အလျင်အမြန်လုပ်ရမယ့် လုပ်ငန်းတွေ ဖြစ်ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများက မြန်မာကုမ္ပဏီများထံမှ အရည်အသွေးမြင့်မားတဲ့ ဘဏ္ဍာရေးစာရင်းရှင်းတမ်းများကို မျှော်လင့်နိုင်ရမှာဖြစ်ပေမဲ့ လက်ရှိအနေအထားမှာ ယင်းကဲ့သို့ မလုပ်ဆောင်နိုင်သေးသည်ကိုလည်း တွေ့ရှိရပါတယ်။ အခြားအားနည်းချက်တွေဖြစ်တဲ့ ဥပဒေအရ အခွင့်အရေးပေးထားပေမဲ့ လုပ်ထုံးလုပ်နည်းလုပ်ရကိုင်ရတာ ခက်ခဲခြင်း၊ လုပ်ရကိုင်ရတဲ့ ကြိုးနီစနစ် များလွန်းခြင်း၊ ဘာဖြစ်လာရမယ်ဆိုတဲ့ အာမခံချက်ဟောကိန်းမထုတ်ပေးနိုင်တဲ့အတွက် စွန့်စားမှုများ

ကြီးမားနေခြင်း၊ ငွေကြေးသက်သေခံလက်မှတ် ရောင်းဝယ်ရေးဥပဒေကို အပြီးသတ်ဆောင်ရွက်ရန် လိုအပ်ခြင်း၊ ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးနှင့် စည်းမျဉ်းစည်းကမ်းများ အပြီးသတ် ရေးဆွဲရေးပြဋ္ဌာန်းပေးရန် လိုအပ်ခြင်းစသည်တို့ကိုလည်း အမြန်ဆုံးလျင်မြန်စွာ အကောင်အထည်ဖော် ဆောင်ရွက်ပေးဖို့လိုပါတယ်။

နိဂုံးချုပ်အားဖြင့် မိမိတို့ရဲ့နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို ဆွဲဆောင်တဲ့နေရာမှာ ကြိုးပမ်းအားထုတ်ရာမှာ ဒီနေရာမှာတင်ရပ်တန့်မသွားဘဲနဲ့ လိုအပ်တဲ့အညွှန်းကိန်းတွေကို ပိုမိုကောင်းမွန်ရန်နှင့် လက်တွေ့မှာ လုပ်ငန်းလည်ပတ်လွယ်ကူချောမွေ့စေရန်အတွက် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ထို့အတွက်ကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ လျင်မြန်ချောမွေ့လွယ်ကူစွာ ဝင်ရောက်နိုင်ပြီး လုပ်သားအင်အားအခြေပြုတဲ့ ကုန်ထုတ်လုပ်ငန်းတွေ ပိုမိုဖွံ့ဖြိုးတိုးတက်ကျယ်ပြန့်လာစေရန်အတွက် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများပေါ်လာအောင် ကူညီဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုအား ပြည်သူ့လွှတ်တော်မှ လက်ခံဆွေးနွေးအတည်ပြုပေးနိုင်ရန် လေးစားစွာ ဖြင့်တင်သွင်းအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒေါ်ချိုချိုတင်သွင်းတဲ့အဆိုကို ထောက်ခံမယ့်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးထွန်းထွန်း(ပွင့်ဖြူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများနှင့်ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာပဏာမဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဖြစ်ပြီး ဒေါ်ချိုချို၊ အုတ်တွင်းမဲဆန္ဒနယ်မှ တင်သွင်းသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လျင်မြန်ချောမွေ့လွယ်ကူစွာဝင်ရောက်နိုင်ပြီး လုပ်သားအင်အားအခြေပြုသော ကုန်ထုတ်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ကျယ်ပြန့်လာစေရန်အတွက် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ပေါ်ပေါက်လာအောင် ကူညီဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့ရည်ရွယ်ချက်ကိုကြည့်မယ်ဆိုရင် တိုင်းပြည်ရဲ့စီးပွားရေးလျင်မြန်စွာဖွံ့ဖြိုးတိုးတက်စေရန်နှင့် နိုင်ငံအတွင်းအလုပ်လက်မဲ့ပြဿနာများလျော့နည်းသွားစေရန်ရည်ရွယ်ထားတာကို တွေ့ရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ဖွံ့ဖြိုးဆဲအာဆီယံနိုင်ငံများနှင့် ကမ္ဘာ့စီးပွားရေးအင်အားကြီးနိုင်ငံနှစ်ခုကြား ကုန်စည်စီးဆင်းမှုပြုလုပ်နိုင်လျှင် မဟာဗျူဟာအချက်အခြာကျတဲ့နေရာတစ်ခု ဖြစ်ပါတယ်။ အာရှတိုက်ရဲ့ ကုန်စည်သယ်ယူပို့ဆောင်ရေးကို ပိုမိုအဆင်ပြေအောင် မြှင့်တင်ပေးနိုင်တဲ့ဆုံမှတ်တစ်ခုလည်းဖြစ်ပါတယ်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် လိုအပ်သည့်သယံဇာတများ၊ လူသားအရင်းအမြစ်များဖြစ်သည့် လူငယ်၊ လူရွယ်များ များစွာရှိနေခြင်းဟာ ရင်းနှီးမြှုပ်နှံလိုတဲ့နိုင်ငံများအတွက် အားသာချက်တစ်ခုဖြစ်ပါတယ်။ ထို့အတူ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကို ဒုတိယအကြိမ် လွှတ်တော်သက်တမ်းဖြစ်တဲ့ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၄၀)

ဖြင့် နိုင်ငံတော်သမ္မတမှ လက်မှတ်ရေးထိုး၍ အတည်ပြုပြဋ္ဌာန်းပြီးလည်းဖြစ်ပါတယ်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ အခန်း(၂) ရည်ရွယ်ချက်များမှာ (က) နိုင်ငံတော်နှင့် နိုင်ငံသားတို့၏အကျိုးစီးပွားအလို့ငှာ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေသည့် တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊ (ခ) ရင်းနှီးမြှုပ်နှံသူများနှင့် ၎င်းတို့၏ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဥပဒေနှင့်အညီ အကာအကွယ်ပေးရန်၊ (ဂ) ပြည်သူတို့အတွက် အလုပ်အကိုင်အခွင့်အလမ်းများပေါ်ပေါက်စေရန်၊ (ဃ) လူသားအရင်းအမြစ်ဖွံ့ဖြိုးလာစေရန်၊ (င) နည်းပညာဖွံ့ဖြိုးတိုးတက်စေရန်၊ (စ) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရန်၊ (ဆ) နိုင်ငံတစ်ဝန်းလုံးတွင် အခြေခံအဆောက်အအုံများအပါအဝင် ပညာရပ်နယ်ပယ်အသီးသီးတို့၌ ဖွံ့ဖြိုးတိုးတက်စေရန်၊ (ဇ) နိုင်ငံသားများအနေဖြင့် နိုင်ငံတကာအသိုင်းအဝိုင်းနှင့်ယှဉ်တွဲလုပ်ကိုင်ဆောင်ရွက်နိုင်စေရန်၊ (ဈ) နိုင်ငံတကာစံနှုန်းနှင့်ညီသော စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပေါ်ထွန်းလာစေရန်စသည့်ရည်ရွယ်ချက်ကောင်းများနှင့် ရေးဆွဲထားပြီး အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်ကိုလည်း အခန်း(၁၈) ပုဒ်မ ၇၅ ပုဒ်မခွဲ(က)မှာပြဋ္ဌာန်းချက်အရ ဝင်ငွေကင်းလွတ်ခွင့်ကို ဇုန်(၁)မှာဖွံ့ဖြိုးမှုနည်းပါးတဲ့ဒေသတွေမှာ ခုနစ်နှစ်၊ ဇုန်(၂)ဖွံ့ဖြိုးမှုအသင့်အတင့်ရှိတဲ့ဒေသတွေမှာ ငါးနှစ်၊ ဇုန်(၃) ဖွံ့ဖြိုးမှုရှိသောဒေသတွေမှာ သုံးနှစ်ဟူ၍ ပြဋ္ဌာန်းသတ်မှတ်ထားတာကိုတွေ့ရှိရပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လအမျိုးသားစီမံကိန်းကဏ္ဍအလိုက် ရည်မှန်းချက်မူကြမ်းများ၊ မြန်မာနိုင်ငံရဲ့စီးပွားရေးမျှော်မှန်းချက်များကိုကြည့်မယ်ဆိုရင် စိုက်ပျိုးရာသီတွင် ရာသီဥတုကောင်းမွန်ခြင်းကြောင့် လယ်ယာကဏ္ဍထုတ်လုပ်မှုတိုးတက်ခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများစီးဝင်လာခြင်းနှင့်အတူ အသေးစားနှင့် အလတ်စားထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်လာခြင်း၊ ပို့ဆောင်ရေးနှင့်ပြည်တွင်းခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ၊ ဆက်သွယ်ရေး၊ ငွေရေးကြေးရေး၊ အခြားဝန်ဆောင်မှုလုပ်ငန်းများ ဝန်ဆောင်မှုအားကောင်းလာခြင်းတို့ကြောင့် မြန်မာနိုင်ငံရဲ့စီးပွားရေးဟာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ကုန်ဆုံးချိန်မှာ ၆.၈ ရာခိုင်နှုန်းတိုးတက်လိမ့်မယ်လို့ခန့်မှန်းထားတာကို တွေ့ရပါတယ်။ ထို့အတူ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လအမျိုးသားစီမံကိန်းမှာ မြန်မာနိုင်ငံစီးပွားရေးကို ၇.၂ ရာခိုင်နှုန်းထိ တိုးတက်ရန်ရည်မှန်းထားတာကိုလည်း တွေ့ရပါတယ်။ သို့သော်လည်း မြန်မာနိုင်ငံရဲ့ လက်ရှိစီးပွားရေးတိုးတက်မှုဟာ မျှော်မှန်းထားသလောက် ခရီးမပေါက်ဘဲ လက်တွေ့မှာစီးပွားရေးတိုးတက်မှုနှေးကွေးနေတာကို တွေ့မြင်နေရပါတယ်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာနိုင်ငံသို့လာရောက်ရင်းနှီးမြှုပ်နှံသော ကဏ္ဍများထဲမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏအများဆုံးမှာ ထုတ်ကုန်လုပ်ငန်းများဖြစ်ပြီး စိုက်ပျိုးရေးကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏအနည်းဆုံးဖြစ်တာကို တွေ့ရှိရပါတယ်။ ၁၉၈၈ ခုနှစ်ကနေပြီးတော့ ၂၀၁၇ ခုနှစ်အတွင်း ကဏ္ဍအလိုက်ရင်းနှီးမြှုပ်နှံမှုတွင် နိုင်ငံခြားဝင်ငွေရရှိမှုဟာ စွမ်းအင်ကဏ္ဍမှ အမေရိကန်ဒေါ်လာသန်းပေါင်း ၂၀၅၉၅ သန်းဖြင့် အများဆုံးရရှိပြီး စိုက်ပျိုးရေးကဏ္ဍမှ အမေရိကန်ဒေါ်လာသန်းပေါင်း ၂၅၅ သန်းဖြင့် အနည်းဆုံးဖြစ်နေသည်ကို တွေ့ရှိရပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏကို ၂၀၀၄ ခုနှစ်မှ ၂၀၁၇ ခုနှစ်ကိုကြည့်မယ်ဆိုရင် ၂၀၁၀-၂၀၁၁ ခုနှစ်မှာ

မူကြမ်း

အများဆုံးဖြစ်ပြီး ၂၀၁၅-၂၀၁၆ ခုနှစ်မှာ အနည်းငယ်မြင့်တက်လာခဲ့ပါတယ်။ ၂၀၁၆-၂၀၁၇ ခုနှစ်နှင့် ကျန်နှစ်များမှာ လျော့နည်းနေတာကိုလည်း တွေ့ရှိရပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အခြေခံအဆောက်အအုံတွေရဲ့ လိုအပ်ချက်ဖြစ်တဲ့ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေးကိစ္စတွေ၊ ကုန်းလမ်းရေလမ်းတွေ၊ လေကြောင်းပို့ဆောင်ရေးလုပ်ငန်းတွေ၊ ခေတ်မီပြည်တွင်းပြည်ပဆိပ်ကမ်းများနှင့် ဆောက်လုပ်ရေး၊ Digital ဆက်သွယ်ရေး(ITC)များဟာ ကျွန်တော်တို့တိုင်းပြည်မှာ လိုအပ်လျက်ရှိနေတာကို တွေ့ရပါတယ်။ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်တွင် ကမ္ဘာ့ဘဏ်ကထုတ်ပြန်ခဲ့တဲ့ အစီရင်ခံစာ၌ ကမ္ဘာ့နိုင်ငံအသီးသီး၏စီးပွားရေးလုပ်ကိုင်ဆောင်ရွက်ရာတွင် မည်မျှလွယ်ကူသည်ကို အချက်ကြီး(၁၀)ချက်ဖြင့် တိုင်းတာပါသည်။ အဲဒီ (၁၀)ချက်ကတော့ စီးပွားရေးလုပ်ငန်းတစ်ခု စတင်ခြင်း၊ အဆောက်အအုံဆောက်လုပ်ခွင့်ရရှိအောင်ဆောင်ရွက်ခြင်း၊ လျှပ်စစ်ဓာတ်အားရရှိမှုအခြေအနေ၊ ပိုင်ဆိုင်မှုများမှတ်ပုံတင်ခြင်း၊ ငွေကြေးအထောက်အပံ့ရခြင်း၊ ရင်းနှီးမြှုပ်နှံမှုအနည်းငယ်သာ ဆောင်ရွက်နိုင်သူများကို ကာကွယ်ခြင်း၊ အခွန်ပေးဆောင်ခြင်း၊ စာချုပ်စာတမ်းများ အသက်ဝင်မှုရှိခြင်း၊ ပြည်ပကူးသန်းရောင်းဝယ်မှုအခြေအနေ၊ စီးပွားရေးလုပ်ငန်း စာရင်းရှင်းလင်းဆောင်ရွက်ခြင်းတို့ဖြစ်ပါတယ်။

သို့သော်လည်း ကျွန်တော်တို့နိုင်ငံဟာ ၂၀၁၈ ခုနှစ်အတွက် စီးပွားရေးလုပ်ကိုင်ဖို့ အခက်အခဲဆုံးနိုင်ငံများစာရင်းတွင် ပါဝင်နေတာကိုတွေ့ရှိရပါတယ်။ ဒီလိုခက်ခဲတဲ့နိုင်ငံတွေကို တိုင်းတာတဲ့နေရာမှာ ကျွန်တော်တို့နိုင်ငံဟာ ကုန်သွယ်မှု လွတ်လပ်မှုအဆင့်(၁၀၅)၊ ငွေကြေးဆိုင်ရာ လွတ်လပ်မှုအဆင့်(၁၄၃)၊ ကြိုးနီအဆင့်(၁၃၀)၊ အမြတ်ခွန်ဆိုင်ရာဝန်ထုပ်ဝန်ပိုးဖြစ်မှုအဆင့်(၁၀၁) ဖြစ်ပြီး စီးပွားရေးလုပ်ဆောင်မှုအခက်အခဲဆုံးနိုင်ငံတွေထဲမှာ အဆင့်(၂၂)မှာ ရှိနေပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စီးပွားရေးမူဝါဒအတွင်း အခြေခံမူ ၁၂ ချက်ကိုလည်း ရေးဆွဲပြီးဖြစ်ပါတယ်။ စီးပွားရေးမူဝါဒတွေ၊ ကုမ္ပဏီဥပဒေတွေ၊ ရင်းနှီးမြှုပ်နှံမှုဥပဒေတွေ ဘယ်လောက်ပင်ကောင်းနေပါစေ တရားဥပဒေစိုးမိုးမှု၊ နယ်မြေအေးချမ်းမှုတွေမရှိလျှင် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုတွေ ဝင်ရောက်ဖို့အားနည်းနေမှာဖြစ်ပါတယ်။

နိဂုံးချုပ်အားဖြင့်ပြောရလျှင် ရင်းနှီးမြှုပ်နှံမှုဥပဒေတွေ၊ စီးပွားရေးမူဝါဒတွေအသက်ဝင်လာအောင် လက်တွေ့ကျကျကောင်းအထည်ဖော်မယ်၊ တရားဥပဒေစိုးမိုးမှုလည်းရှိမယ်၊ နယ်မြေအေးချမ်းမှုတွေလည်းရှိမယ်ဆိုရင် နိုင်ငံခြားရင်းနှီးမြှုပ်မှုတွေ လျင်မြန်စွာဝင်ရောက်လာပြီး တိုင်းပြည်စီးပွားရေးပိုမိုဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါကြောင်း ပြောကြားရင်း အဆိုကိုထောက်ခံဆွေးနွေးအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံထားပါတယ်။ ဒီအဆိုနဲ့ စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃)အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါ့မယ်။ ဒေါ်ချိုချို တင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

မူကြမ်း

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဒေါ်ချိုချို၊ အုတ်တွင်းမဲဆန္ဒနယ်က တင်သွင်းတဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လျင်မြန်ချောမွေ့ လွယ်ကူစွာဝင်ရောက်နိုင်ပြီး လုပ်သားအင်အားအခြေပြုသော ကုန်ထုတ်လုပ်ငန်းများ (Labour Intensive Industry) ပိုမိုဖွံ့ဖြိုးတိုးတက်ကျယ်ပြန့်လာစေရန်အတွက် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများပေါ်လာအောင် ကူညီဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## ဒေါ်ချိုချို၊ အုတ်တွင်းမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ယင်းအဆိုနဲ့စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၂၃-၁-၂၀၁၈ ရက်(အင်္ဂါနေ့)ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန် ဖြစ်ပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး စတုတ္ထနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ပဉ္စမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ရပ်နားပါ့မယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်(အင်္ဂါနေ့)နံနက် ၁၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၅၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ၁၁း၅၅ နာရီ အချိန်တွင် ရပ်နားပါသည်။]

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး စတုတ္ထနေ့ (၂၂.၁.၂၀၁၈) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ




Dr Win Myat Aye | Dr Aung Khin




Dr Win Myat Aye | U Aung Kyaw Zan




U Sai Ngaung Seng Hein | U Aung Myin Tun




U Aung Myint Tun | U Kyaw Min Hlaing




U Aung Myint Tun | U Zaw Min Thein




U Maung Maung Win | U Kan Myint

pyithu.hluttaw.mm



U Maung Maung Win



U Khin Cho

pyithu.hluttaw.mm



U Maung Maung Win



U Thein Tun

pyithu.hluttaw.mm



U Maung Maung Win



Daw Nan Moe

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်